**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၀)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်

သတင်းစာမျက်နှာ -၃၂ သို့



တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်)

# လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များစိုက်ပျိုး

ကမ္ဘာမြေကြီးနှင့်လူသားများအတွက် သစ်ပင်များသည် များပြားလှသည့်အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်။ သုတေသနပညာရှင်များ၏လေ့လာမှုအရ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်တို့သည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုတိုးတက်စေကြောင်းသိရှိရသည်။ သစ်ပင်များနှင့်ပြည့်နေသည့်ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့်မြို့ပြများသည် လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့်သဘာဝအလှနှင့် ထိတွေ့ခြင်းအားဖြင့် လူသားများ၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများဖြစ်ထွန်းစေသည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းဟူသည်မှာ ရိုးရှင်းသည့်သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီးရှင်သန်ကြီးထွားနေသမျှကာလပတ်လုံး ရရှိလာသည့်အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့် မြေဆီလွှာကိုထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးသူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်သည်။ ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာအထိ အကျိုးဆက်များစွာပေးစွမ်းနေပေမည်။ ထို့ပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကိုရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင်လ ၄ ရက်ကကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ အမှာစကားပြောကြားရာတွင် **“နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ Green City, Clean City, Smart City နှင့် Green Village များဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ကြောင်း၊ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုသာမက လူတိုင်း၏ရင်ကိုအေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ထိုသို့ဖန်တီးပေးနိုင်သည်ကို ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်သည် နိုင်ငံချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်အတွက် သန္ဓေတည်ရာမျိုးစေ့ဖြစ်လာမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကမ္ဘာ၌ လူဦးရေတိုးပွားလာခြင်းနှင့်အတူ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း စသည့်အကြောင်းရင်းများကြောင့် အရေးပါလှသည့်ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုများဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး သဘာဝဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်အခါ၌ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကဲ့သို့ ထိန်းသိမ်းကာကွယ်ရေးနယ်မြေများသတ်မှတ်ခြင်းကို အဓိကအလေးပေးဆောင်ရွက်လျက်ရှိသည်။

သစ်တောသယံဇာတပေါ်ကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ပြင် သစ်၊ ဝါး၊ ကြိမ် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို နိုင်ငံတော်ကအလေးအနက်ထားပြီး မူဝါဒချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံသားအားလုံးကလည်း ရှိပြီးသားသစ်ပင်သစ်တောများကို ကာကွယ်ထိန်းသိမ်းပြီး မိမိတို့အိမ်ခြံဝင်း၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ လမ်းဘေးဝဲယာအသီးသီးတွင် အရိပ်ရပင်များ၊ လေကာပင်များ၊ ရာသီအလိုက်ဖူးပွင့်သည့်ပန်းပင်များ စသည်ဖြင့်စိုက်ပျိုးကြရန်နှင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင်လည်း ပြုစုထိန်းသိမ်းကြရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်မှာ သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ကျိုက်မရော ဇူလိုင် ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းလွန်ကျောင်း (ကလိုင်းကနိုင်)၌ ကွင်းဆင်းဆောင်ရွက်သည်။

ဟောပြောပွဲ၌ (၇၈)နှစ်မြောက်အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိက ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော (၇၈)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်အကြို နံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၄၀၆)

# ကျွန်းလှမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ စာရင်းများအရ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကျွန်းလှမြို့နယ်၌ မိုးစပါး ၃၄၀၉၇ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်ဇူလိုင်လမှစတင်၍စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်၌ စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## MWD Education, Knowledge & Sports Channel

**၁၇-၇-၂၀၂၅(ကြာသပတေးနေ့)**

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၂ | Grade - 8 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၃၉ | Grade - 8 အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၉ | - | ၁၇:၂၄ | Grade - 8 သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၂၄ | - | ၁၈:၂၅ | Grade - 8 သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၁၇-၇-၂၀၂၅(ကြာသပတေးနေ့)**

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပုသိမ်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပုသိမ် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၁၄၃၆ ဧကကို ယခုနှစ်ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ၁၀၀၉၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးရန်ကျန်ရှိသည့် မိုးစပါးများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



"ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါး လျာထားဧက ၉၁၄၃၆ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာ ၁၀၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီဖို့အတွက် တောင်သူတွေ ရွှေခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ အသိပညာပေးဆိုင်းဘုတ်တွေ စိုက်ထူပေးထားပါတယ်။ ဒါ့ပြင် ကွင်းဆင်းသရုပ်ပြနှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း လက်တွေ့လုပ်ဆောင်ပေးနေပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံဆင်းသုခ၊ မနောသုခ၊ ပခမ်း၊ ရက် ၉၀ စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးသည့် မိုးစပါးအမျိုးအစားများသည် တစ်ဧကလျှင် ပျမ်းမျှတင်း ၁၀၀ ကျော်အထိ ထွက်ရှိကြောင်း သိရသည်။

မိုးစပါးကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆန်စားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။ ထို့ပြင် ဆန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရေးကို အကျိုးပြုစေပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲမှု အသိပညာပေးဟောပြောပွဲကျင်းပ



မြိတ် ဇူလိုင် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်းကျင်းပသည့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲမှုအသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က စွန့်ပစ်အမှိုက်အမျိုးအစားများအကြောင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်နည်းလမ်းများအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးမင်းက အမှိုက်အမျိုးအစားလေးမျိုးခွဲခြားစွန့်ပစ်ခြင်းအကြောင်းကို အသိပညာပေးရှင်းလင်းပြောကြားပြီး အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြသည်။

ထို့နောက် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးဗီဒီယိုပြသ၍ ကျောင်းသား၊ ကျောင်းသူများအား စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲမှုအသိပညာပေးဟောပြောပွဲမှရရှိခဲ့သည့် ဗဟုသုတများကို မေးမြန်းခဲ့ရာ မှန်ကန်စွာဖြေဆိုနိုင်သူများကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မန္တလေးဈေးကွက်၌ ဂျုံထွက်ပေါ်သောရာသီတွင် ဂျုံစေ့များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး ဇူလိုင် ၁၆

ပြည်တွင်း၌ ဂျုံနှင့်ပြုလုပ်သော အစားအစာများကို စားသုံးမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်၌ ယခု ဂျုံထွက်ပေါ်သောရာသီတွင် ဂျုံစေ့များ ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပွဲရုံလုပ်ငန်းရှင်များ၏ပြောပြချက်အရ သိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်၌ ဂျုံအရောင်းအဝယ်ကောင်းမွန်လျက်ရှိရာ ယခင်နှစ်ကာလတူထက် ပိုမိုဈေးကောင်းရရှိပြီး ဂျုံစိုက်ပျိုးထွက်ရှိသည့် ဒေသပေါ်မူတည်၍ ဈေးနှုန်းများကွာခြားမှုရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဆန်ကို အဓိကထားစားသုံးကြပြီး ဂျုံကိုတော့ ဒုတိယအများဆုံး စားသုံးကြပါတယ်။ ပြည်တွင်းမှာ ဂျုံစားသုံးမှုများပြားလာတာနဲ့အမျှ ဂျုံဈေးနှုန်းကလည်း ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင် ဒီနှစ်မှာ ဈေးကောင်းပါတယ်။ လက်ရှိမှာ ဆားတောင်၊ မြင်းမူ၊ မြောင်၊ မုံရွာ စတဲ့ဒေသတွေကထွက်တဲ့ ဂျုံတွေက ဈေးပိုရပါတယ်။ ရှမ်းဂျုံနဲ့ ကလေးဝ၊ ကဘော်ချိုင့်ဝှမ်းဘက်ကထွက်တဲ့ အထွက်တိုးဂျုံလည်း ဈေးကောင်းရနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ယခင်က ပြည်တွင်းစားသုံးမှုအတွက် ဂျုံစေ့များ၊ ဂျုံမှုန့်များကို ပြည်ပမှဝယ်ယူတင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် ပြည်တွင်း၌ ဂျုံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည်နှင့်အတူ ပြည်ပမှတင်သွင်းမှုလည်း တဖြည်းဖြည်းလျှော့ချလာနိုင်ကြောင်း၊ ထို့ပြင် ပြည်တွင်း၌ ဂျုံအခြေခံသော စက်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများလည်း ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

ဂျုံကို မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ် စသည့်ဒေသများ၌လည်း တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဆောင်းဦး

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ခင်ဗျား မြန်မာလား၊ နစ်ပွန်လားဗျ"

"ကျွန်တော် နစ်ပွန်ပါ၊ ဒီရောက်ရောက်ချင်း မြန်မာစာသင်ရလို့ တော်တော်တန်တန်တတ်ပြီးတဲ့နောက် နစ်ပွန်အချင်းချင်းကို မြန်မာစာသင်ပေးရပါတယ်။ မိတ်ဆွေက စာရေးဆရာဆိုလို့ မြန်မာစကားဆက်လက်သင်ဖို့ လာခဲ့ပါတယ်"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ခင်ဗျားလောက် မြန်မာစကားမပြောတတ်ပါဘူး" ဟု ပြောလိုက်ရာ ထိုသူသည် အတော်သဘောကျဟန်နှင့် ရယ်မောလေသည်။ ကျွန်ုပ် စာရေးဆရာဖြစ်သည်ဟု ဘယ်ဆီက သိခဲ့သည် မဆိုနိုင်သဖြင့် အံ့ဩမိခြင်းနှင့်အတူ သူ့ကို ရွံ့ကြောက်သောစိတ်လည်း ဖြစ်ပေါ်မိပါသည်။

**"ကျွန်ုပ်တို့ဝင်းထဲ၌ စတည်းချလျက်ရှိသော ဂျပန်စစ်သားများသည် နေ့အချိန်တွင် တစ်နေ့လုံးအိပ်ကြ၍ ညအချိန်များတွင် ပျောက်ကွယ်သွားကြခြင်းကို ကျွန်ုပ်မြင်ရ၍ ဘာလုပ်ကြသည်ဟု သိချင်လှသော်လည်း မေးမြန်းခြင်းမပြုဝံ့ဘဲ အကဲကိုသာကြည့်နေရ၏။ နောက်ဆုံး၌ ရွာသားများသိရှိလာကြသည်မှာကား ဂျပန်များသည် ဝက်လက်နှင့် စစ်ကိုင်းအကြားရှိ ရထားသံလမ်းများကို ညအချိန်များတွင် ဖြုတ်ကြပြီးလျှင် စစ်ကိုင်းသို့ ရထားနှင့်တင်၍ ရောဝတီမြစ်ထဲသို့ ချပစ်ကြသည်ဟု ပြောကြလေသည် . . ."**

တစ်နေ့သ၌ ဝက်လက်မှ မြန်မာပြည်ပေါက် ကုလားစက်ပိုင်တစ်ယောက်သည် ကျွန်ုပ်တို့၏ ခြံရှေ့မှဖြတ်သွား၍ ကျွန်ုပ်နှင့် နှုတ်ဆက်ရာ အနီးတွင် ဤဂျပန်လည်း ရှိသည်နှင့် ကျွန်ုပ်က မိတ်ဆက်ပေးပြီး အာလာပသလ္လာပစကား အနည်းငယ်ပြောကြ၏။ အတန်ငယ်စကားပြောမိကြသောအခါ ဂျပန်ကပြောသော မြန်မာစကားတစ်လုံးနှစ်လုံးကို မြန်မာပြည်ပေါက်ကုလားက နားမလည်သဖြင့် ကျွန်ုပ်က အဓိပ္ပာယ်ပြောပြရ၏။ ဂျပန်သည် သူမြန်မာစကားပြောတတ်ခြင်းကို အစွမ်းပြခြင်းဖြစ်သည်မှန်သော်လည်း ဤဂျပန်လူမျိုးသည် မြန်မာပြည်ပေါက်ကုလားများထက်လည်းကောင်း၊ တရုတ်များထက်လည်းကောင်း၊ အနောက်တိုင်းသားများထက်လည်းကောင်း မြန်မာစကားပီသအောင်ပြောနိုင်ခြင်းမှာမူကား ကျွန်ုပ်အဖို့ရာ၌ အံ့ဩမဆုံးအောင် ရှိခဲ့ပါတော့သည်။

### သြဝါဒပေးရခြင်း

ကျွန်ုပ်တို့ဝင်းထဲ၌ စတည်းချလျက်ရှိသော ဂျပန်စစ်သားများသည် နေ့အချိန်တွင် တစ်နေ့လုံးအိပ်ကြ၍ ညအချိန်များတွင် ပျောက်ကွယ်သွားကြခြင်းကို ကျွန်ုပ်မြင်ရ၍ ဘာလုပ်ကြသည်ဟု သိချင်လှသော်လည်း မေးမြန်းခြင်းမပြုဝံ့ဘဲ အကဲကိုသာ ကြည့်နေရ၏။ နောက်ဆုံး၌ ရွာသားများ သိရှိလာကြသည်မှာကား ဂျပန်များသည် ဝက်လက်နှင့် စစ်ကိုင်းအကြားရှိ ရထားသံလမ်းများကို ညအချိန်များတွင် ဖြုတ်ကြပြီးလျှင် စစ်ကိုင်းသို့ ရထားနှင့်တင်၍ ရောဝတီမြစ်ထဲသို့ ချပစ်ကြသည်ဟု ပြောကြလေသည်။ ဤတွင်မှ ကျွန်ုပ်သည် ဂျပန်များ အရေးနိမ့်၍ ဆုတ်ခွာသွားကြခြင်းဖြစ်ကြောင်း တွေးနိုင်ပါသည်။ သို့ရာတွင် ဆုတ်ခွာသော စစ်တပ်တို့မည်သည် ချီတက်လာသော စစ်တပ်ကဲ့သို့ နာမည်ကောင်းယူဖို့ မရှိတော့ဘဲ ရမ်းတတ်သည်ဟု ဖတ်ရဖူးခြင်းကြောင့် ၎င်းတို့နှင့်ဆက်ဆံရေးတွင် အထစ်အငေါ့ မရှိရအောင် သတိထားကြဖို့အကြောင်း ရွာသားများအား ပြောပြရပါသေးသည်။ တချို့သောဒေသများ၌ လူငယ်များသည် ဂျပန်များဆုတ်ခွာခြင်းကို ရိပ်မိ၍ ၎င်းတို့အပေါ်၌ မကျေနပ်သော အမှတ်အသားများအတွက် လက်တုံ့ပြန်ကြခြင်းကို ကျွန်ုပ်ကြားရ၏။ ရွှေဘိုနယ်မှာ ဦးအောင်ဇေယျပေါ်ထွက်သောနယ်ဖြစ်၍ ယနေ့တိုင် အတော်ကြမ်းသော နယ်တစ်နယ်အဖြစ်နှင့် အသိအမှတ်ပြုထားကြလေရာ ကျွန်ုပ်သည် ရန်ငြိုးဖြင့် ကြမ်းကြုတ်စွာ လက်တုံ့ပြန်ခြင်းမျိုးကို မနှစ်သက်သည်နှင့် လူငယ်များအား ကြိုတင်သတိပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် တိုက်ရိုက်ထုတ်ဖော်၍ပြောခြင်းမဟုတ်ဘဲ သွယ်ဝိုက်သောနည်းဖြင့် ပြောရပါသည်။ ကျွန်ုပ်သည် ဂျပန်ဝင်လာခြင်းကို တခြားလူများနှင့် ကြိုဆိုမိ၍ အရည်လည်သောအခါ၌ မကြိုက်သော်လည်း နိမ့်ကျနေသောလူကို ဖိ၍နင်းရာရောက်သည့် အပြုအမူမျိုးကို မကြိုက်နိုင်သူဖြစ်ပါသည်။ ဤသဘောထားမှာ အင်္ဂလိပ်ဝတ္ထုကောင်းများမှ ရရှိခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။ မည်သည့်နည်းမဆို ဂျပန် ၁၀ ယောက်ကို ဖျောက်ဖျက်ပြီး မြန်မာတစ်ယောက်ခံရလျှင် မြန်မာလည်း နစ်နာသည်ဟု မြင်တတ်သူဖြစ်ပါသည်။ ဂျပန်စစ်တပ်သည် ရထားသံလမ်းများကို ဝက်လက်တစ်ဝိုက်၌ ဖျက်သိမ်းပြီးနောက် တောင်ဘက်သို့ ပြောင်းရွှေ့သွားကြသည့်အချိန်တိုင်အောင် ကျွန်ုပ်တို့ရွာ၌ တစ်စုံတစ်ရာ ကြမ်းကြမ်းတမ်းတမ်းဖြစ်မသွားခြင်းမှာ ကျွန်ုပ်၏ ကြိုးပမ်းမှုလည်း ပါရှိသည်ဟု ထင်ပါသည်။

### စာရေးဆရာအလုပ်ပြန်ကောက်ခြင်း

ထိုအချိန်တွင် ကျွန်ုပ်သည် အမေရိကန်ပြည်ထုတ် ကျန်းမာရေးစာအုပ်တစ်အုပ်၌ ဝမ်းချုပ်ခြင်းအကြောင်း ဖတ်ပြီး၍ စမ်းသပ်ကြည့်သဖြင့် အကျိုးရှိကြောင်းသိရှိသည်နှင့် မြန်မာလိုပြန်ဆိုရန် အကြံဖြစ်ပါသည်။ ယင်းစာအုပ်ထဲမှ မြန်မာများလိုက်နာနိုင်လောက်သည့်အကြောင်းအရာများကို ထုတ်နုတ်ပြန်ဆို၍ 'အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်း' ဟူသောအမည်ဖြင့် စာအုပ်ဖြစ်အောင် စီစဉ်ပါသည်။ စာမူရေးသားပြီးသည့်နောက် ကျွန်ုပ်သည် (ယခုအခါ လူထုနေ့စဉ်သတင်းစာပိုင်ရှင်ဖြစ်နေကြသည့်) ဦးလှ၊ ဒေါ်အမာတို့နှင့်ဆက်သွယ်နိုင်အောင် အတော်ခဲယဉ်းစွာ ကြိုးစားရ၏။ စစ်မဖြစ်မီအချိန်က ကျွန်ုပ်သည် ၎င်းတို့ဇနီးမောင်နှံ တည်ထောင်ထားသည့် ကြီးပွားရေးပုံနှိပ်တိုက်အတွက် 'ဝသုံးလုံးဝတ္ထု'နှင့် 'ပထမံ ဆရာသိန်း' ဝတ္ထုများ ရေးသားပေးခဲ့ဖူးရာ ၎င်းတို့သည် ထိုအချိန်၌ မတ္တရာမြို့မြောက်ဘက်ရှိ မြွေရွာကလေးတွင် နေထိုင်လျက်ရှိကြကြောင်း သတင်းရ၍ အတော်ခဲယဉ်းစွာ ဆက်သွယ်ရလေသည်။ ၎င်းတို့ဇနီးမောင်နှံနှင့်တွေ့အောင် ကြိုးစားရခြင်းသည်ပင် စွန့်စားခန်းကလေးတစ်ခုသဖွယ်ဖြစ်နေ၍ (ယင်းစာအုပ်နှင့်ပတ်သက်သည့် အဖြစ်အပျက်အနေဖြင့်) အနည်းငယ် ရေးသားဖော်ပြလိုက်ပါဦးမည်။

### ညစခန်းချရခြင်း

ကျွန်ုပ်သည် အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်းစာအုပ်ကို ရေးသားပြီးသောအခါ မန်ကျည်းတုံရွာတွင်ရှိနေရာ ဦးလှတို့ဇနီးမောင်နှံအကြောင်း စုံစမ်းကြည့်၍ မြွေရွာ၌ရှိကြသည်ဟု ကြားသိရ၏။ ၎င်းတို့သည် မြွေရွာတွင် ဒေါ်အမာ၏ မိဘများနှင့်နေထိုင်ကြသည်ဆိုရာ ဖခင်မှာ ကျွန်ုပ်၏ကျောင်းနေဖက် (တစ်တန်းတည်း အတူနေခဲ့ကြ၍ တက္ကသိုလ်ဝင်ဘင်္ဂလားစာမေးပွဲကို အတူအောင်ခဲ့ကြသည့်) ဦးထင်ဖြစ်၍ မိခင်ဒေါ်စုမှာ စံဒေဝီတို့နှင့်အတူ ကျွန်ုပ်နှင့်အိမ်နီးချင်း ကစားဖော်ကစားဖက်ဖြစ်လေသည်။ စာမူကို လိပ်ပြီးနောက် မြွေရွာသို့သွားဖို့ ကျွန်ုပ်စိတ်ကူးလိုက်သောအခါ လှည်းတစ်တန်၊ ငှက်တစ်တန်၊ ခြေကျင်တစ်တန်သွားရမည့်လမ်းဖြစ်၍ တစ်ယောက်တည်းသွားရမည့်အရေးအတွက် အတော်တွန့်ဆုတ်မိသည်။ ကျွန်ုပ်သည် ကဆုန်လပြည့် အဖိတ်နေ့ညတွင် ကျွန်ုပ်တို့၏ ဝင်းခြံအတွင်း၌ နေထိုင်သည့် ဈေးသည်မိန်းမကြီးတစ်ယောက်၏လှည်းဖြင့် ခိုကပ်၍ လိုက်သွားရ၏။ ဇနီးမစိုးကိုမူ ဦးလေးတစ်ယောက်၏သမီးများနှင့်အတူ ခြံဝင်းထဲ၌ ထားခဲ့ရသည်။ ဈေးသည်မိန်းမကြီးသည် ရောဝတီမြစ်ကမ်းရှိ ရှိန်းမကားရွာသို့ ကုန်ဝယ်သွားခြင်းဖြစ်ရာ လှည်းပေါ်တွင် လှည်းသမားအဘိုးကြီးအပြင် သူနှင့်ကျွန်ုပ် နှစ်ယောက်တည်းပါလာ၏။ မန်ကျည်းတုံရွာမှ နေဝင်ချိန်တွင်ထွက်ကြ၍ သန်းခေါင်အချိန်တွင် လမ်းခရီးရှိ ညောင်ပင်ကြီးတစ်ပင်သို့ ဆိုက်ရောက်ကြရာ တစ်ဆက်တည်း လှည်းမောင်းခဲ့လျှင် ရှိန်းမကားရွာသို့ အရောက်စောလွန်းနေမည်ဖြစ်သောကြောင့် ဤညောင်ပင်ကြီးအောက်၌ အိပ်ကြရမည်ဖြစ်လေသည်။ မည်သူ့မျှ အိပ်ရာခေါင်းအုံးဟူ၍မပါ။ လှည်းပေါ်မှ ဖျာကို အောက်သို့ချပြီး သုံးယောက်သားအတူယှဉ်အိပ်ကြမည်ဖြစ်သည်။ ကျွန်ုပ်သည် တစ်ချပ်တည်းသော ဖျာကြမ်းပေါ်တွင် အစွန်မှအိပ်ရန်နေရာယူလေရာ ဈေးသည်မိန်းမကြီးက ကျွန်ုပ်အား အလယ်မှအိပ်ဖို့ပြောနေ၏။ ကဆုန်လပြည့်ဖြစ်၍ အလွန်ပူအိုက်သောရာသီဖြစ်သောကြောင့် အလယ်ကောင်မှ မအိပ်လိုကြောင်း ကျွန်ုပ်ကပြောသောအခါ ဈေးသည်မိန်းမကြီးက လှည်းသမားကြီးနှင့်ပူးကပ်၍ မအိပ်လိုပါဟု ကျွန်ုပ်အား တီးတိုးပြော၏။ (သူတို့နှစ်ယောက်စလုံးသည် ကျွန်ုပ်ထက် ငါးနှစ်ခန့် အသက်ကြီး၍ သူတို့ရွယ်တူအချင်းချင်း ပူးပူးကပ်ကပ် မအိပ်လိုသည့်သဘောပင် ဖြစ်တန်ရာသည်။) သို့ဆိုလျှင် ကျွန်ုပ်သည် သူတို့နှစ်ယောက်၏အလယ်ကြားမှ အိပ်ရန်မှတစ်ပါး တခြားအစီအစဉ်ရှာ၍မရသဖြင့် သဘောတူလိုက်ရပါသည်။

### ထူးဆန်းသော ဒုက္ခတစ်မျိုး

ညောင်ပင်ကြီးအောက်တွင်လေကလေး တဖြူးဖြူး တိုက်လျက်ရှိသော်လည်း အလွန်ပူအိုက်သောရာသီဖြစ်၍ ၎င်းတို့၏ ကိုယ်ငွေ့များသည် တစ်ဖက်တစ်ချက်မှ ကျွန်ုပ်၏ နှာခေါင်းဝသို့ ထိုးဝင်သည်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ သူတို့နှစ်ယောက်မှုကား တရှူးရှူးနှင့် အိပ်ပျော်ကုန်ကြလေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၅ ရက်က လူထုအခြေပြုဗဟိုဌာနနှင့် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ လစဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာပေဖတ်ရှုရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် အတွေးအခေါ် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက မြို့နယ်ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသ စာအုပ်စာစောင်များနှင့် နံရံကပ် စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖြိုးစန္ဒာကျော်(ပြန်/ဆက်)**



## တိုင်းရင်းသားချင်း ညီညွတ်ရေး

တိုင်းပြည်နစ်နာမယ့်အကျိုးမဲ့တဲ့လုပ်ငန်းမျိုးကို ဘယ်သူဘာပြောပြော မလုပ်နိုင်ဘူး။ ယခုရရှိနေတဲ့ တိုင်းပြည်လူထုညီညွတ်ရေး၊ တိုင်းရင်းသားချင်းညီညွတ်ရေးကို ဆက်လက်လုပ်ကိုင်သွားရင် လွတ်လပ်ရေးကို အခက်အခဲနည်းနည်းနဲ့ရနိုင်မယ်လို့ယုံကြည်တယ်။

(၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ မြန်မာ့အသံမှအသံလွှင့်ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းမှကောက်နုတ်ချက်)

# စစ်ကိုင်းပညာရေးတက္ကသိုလ်၌ အတန်းပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ



**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းမြို့ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိမိုးလုံလေလုံအားကစားခန်းမ၌အတန်းပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက ပွဲစဉ်အလိုက် ပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ဆုပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အမျိုးသား၊ အမျိုးသမီးပွဲစဉ်များတွင် ပထမဆုရရှိသော မောင်လွင်ဖြိုးနှင့် မသူသူစံတို့ကိုဆုများပေးအပ်သည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်စိုးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ကြောင်းသိရသည်။

နေလင်းအောင်(ပြန်/ဆက်)

# ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မင်းဘူး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းတွင်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးပြီး Myint Zu Aung ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မန်းကျိုးကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၀၀ ရှိသည့် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်းနှင့် မီတာခန်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် ဇွန်လ ၁၈ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း

**မိတ္ထီလာ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော 33KV သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းကို ဇူလိုင်လ ၁၅ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သောအဖွဲ့သည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော 33KV သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းကြောင်း သိရသည်။

(၆၀၂)

# သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**ပဲခူး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးနီကျေးရွာ ဘက်စုံသုံးခန်းမ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်နှင့် သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိတို့က သင်တန်းသူများအား ကုန်ချောပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး ယိုအမျိုးမျိုး၊ ဖျော်ရည်အမျိုးမျိုး၊ သီးစုံဂျယ်လီပြုလုပ်နည်း၊ ပြောင်းဖူးပေါက်ပေါက်ပြုလုပ်နည်း၊ စာကလေးခွေနှင့် အာလူးကြော်ပြုလုပ်နည်းများကို ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်ထိ သင်တန်းကာလ ခုနစ်ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

## မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားများကျင်းပ



နေပြည်တော် ဇူလိုင် ၁၆

ငါးသယံဇာတတိုးပွားလာစေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိမင်္ဂလာကန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများတက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးပေးသည့် ငါးမြစ်ချင်း ၅၀၀၀ နှင့် ငါးခုံးမကြီး ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိမင်္ဂလာကန်၌ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ငါးသားပေါက်များကို မင်္ဂလာကန်အတွင်း စတင်စိုက်ထည့်ပေးပြီး တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသည့် ငါးမြစ်ချင်းနှင့်ငါးခုံးမ ငါးသားပေါက်များအား ကန်အတွင်း စိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဇွန်လ ၂၃ ရက်က နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိသတ်မှတ်ကန်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ထိုင်းငါးခုံးမကောင်ရေ ၂၅၀၀ ပေါင်း ၅၀၀၀ စိုက်ထည့်ပေးခဲ့ပြီး ယနေ့အခမ်းအနားတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၂၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



မြဝတီ

## ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၆

သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးယာယီဝန်ထမ်းအိမ်ရာများအနီး၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊ အမှုထမ်းများက ကျွန်းပင် ၁၁၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်း ၂၆၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့်စုပေါင်းစိုက်ပျိုးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီးနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးယာယီရုံးတွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများပုံမှန်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ



## မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၀၀ ကျပ်တန် (၃)ခုပါ စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုး ရောင်းချပေးမည်




နေပြည်တော် ဇူလိုင် ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေးဖိုရမ်အတွက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်းစုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ်** ၂၀၀ ကျပ်တန် (၃) ခုပါ စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးအား **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁)ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်(တနင်္ဂနွေနေ့)**တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၆

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့်မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပ





နေပြည်တော် ဇူလိုင် ၁၆

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော်၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့်စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇူလိုင်လ ၇ ရက်တွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကိုလည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ရန်ပုံငွေထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသောစီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရန်၊ ပြည်သူများ၏အိုးအိမ်များ ပြန်လည်ထူထောင်ရန်နှင့် နေထိုင်မှုအဆင်ပြေစေရန် သက်သာသောအတိုးနှုန်းဖြင့် တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန်၊ ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အထူးချေးငွေအစီအစဉ်တွင်ပါဝင်သည့် ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပံ့ပိုးမှုတို့ဖြင့် ရန်ပုံငွေအားစုစုပေါင်း ငွေကျပ်ဘီလီယံ ၇၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံနှင့် နေအိမ်များပြန်လည်တည်ဆောက်မွမ်းမံရေးအတွက် အတိုးနှုန်း ၃ ရာခိုင်နှုန်း၊ MSME များ၏ လုပ်ငန်းလည်ပတ်ရင်းနှီးငွေ (Working Capital) နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် အတိုးနှုန်း ၅ ရာခိုင်နှုန်း၊ စက်ရုံလုပ်ငန်းကြီးများ၏စက်ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် ယာယီချေးငွေ (Bridging Loan) အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်းတို့ဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့် ထုတ်ချေးသည့်အတွက်ဆုံးရှုံးနိုင်ခြေမရှိအောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍အစည်းအဝေးတက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များက နိုင်ငံတော်က လက်ရှိပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြီး ယခုဆောင်ရွက်ပေးမည့်ချေးငွေအစီအစဉ်တွင် ဦးစားပေးထုတ်ချေးလိုသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ စံသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆွေးနွေးအကြံပြုချက်များအရ ဦးစားပေးကဏ္ဍများအနေဖြင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူများ၏ ပျက်စီးသွားသော လူနေအိမ်များအား ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများအမြန်ဆုံးထုတ်ချေးသွားနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်(စနေနေ့) (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံးတိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

မြဝတီ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၂)၊ နေပြည်တော်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့်တာဝန်များအား လိုက်နာရန်ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရ ပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု သုံးလပတ်အစီရင်ခံစာ ပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေအပိုဒ် ၂၄ (က) (၃) အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေးများအား ပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကိုပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့** နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ ပေးဆောင်ရမည့် သက်ဆိုင်ရာအခကြေးငွေများကို လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၄၁ (၄)နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင် အမျိုးအစား | လိုင်စင် ရရှိသည့်ရက် |
|---|---|---|---|
| (က) | Everlasting Rainbow Construction Co., Ltd | NFS(I) | ၃-၈-၂၀၁၈ |
| (ခ) | Myanmar Golden 11 Investment International Co., Ltd | NFS(C) နှင့် AS | ၃-၆-၂၀၁၅ နှင့် ၂၄-၁၂-၂၀၁၅ |
| (ဂ) | Tai Telecom Development (TTD) Co., Ltd | NFS(C) နှင့် AS | ၁၈-၅-၂၀၁၆ |
| (ဃ) | VNG Myanmar Co., Ltd | AS | ၂၄-၉-၂၀၁၉ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိစဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် လုံစံ-ပြန်ဆာ-ဝမ်ကပ် (ဟိုခဲ) ကျေးရွာချင်းဆက်လမ်း ၆ မိုင် ၃ ဖာလုံ မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၇ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လွိုင်လင်ခရိုင်အတွင်းရှိ ကျေးရွာငါးရွာမှ လူဦးရေ ၁၂၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၄၇၉၅ ဒသမ ၉၃၆ သန်းဖြင့် မြေသားလမ်း ၇ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂ မိုင်၊ ကျောက်ချောလမ်း ၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်း ၁ မိုင် ၃ ဒသမ ၁ ဖာလုံ၊ ကွန်ကရစ်တံတား နှစ်စင်း၊ Box Culvert ၁၈ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းတစ်ခု၊ ကျောက်စီရေမြောင်းလုပ်ငန်း ၂ ဖာလုံ၊ မီးသွယ်တန်းခြင်းလုပ်ငန်းတစ်ခုနှင့် သာသနာရေးလုပ်ငန်း နှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# အာဒါလွတ်ဥ၏ အာဟာရတန်ဖိုးနှင့် ဆေးဖက်ဝင်အာနိသင်များ

ဒေါက်တာလပြည့်ခင်

### အာဒါလွတ်ဥ

အာဒါလွတ်သည် အပူပိုင်းဒေသများမှထွက်ရှိသော သစ်ဥသစ်ဖုဖြစ်သည်။ ယင်းကိုကြိတ်၍ ပုံမှန်စာ (Stable Food) အဖြစ် စားကြသည်။ မိုးသစ်တောတို့တွင်ပေါက်သော ရုက္ခဗေဒအမည် Maranta Arun-dinacea ခေါ် ချုံပင်တစ်မျိုးမှထွက်သော အာတာလွတ်ဥဖြစ်သည်။ အာဒါလွတ်ပင်သည် Maranta မျိုးစုဝင်နှင့် Marantaece မျိုးရင်းဝင်ဖြစ်ပြီးလျှင် နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်သည်။

အာဒါလွတ်ဥသည် အစာကြေလွယ်သော Starch (ကစီ)ဖြစ်သဖြင့် ယင်းကိုကလေးနှင့်နာမကျန်းဖြစ်နေသူများအတွက် အစားအစာအဖြစ် အသုံးပြုလေ့ရှိကြသည်။ သို့သော် စီးပွားရေးသမားများက အာဒါလွတ်မှုန့်များတွင် အာလူးမှုန့်၊ ဆန်မှုန့်၊ သို့မဟုတ် ရိုးရိုးဂျုံမှုန့်များဖြင့်ရော၍ အာဒါလွတ်မှုန့်အဖြစ် ရောင်းချလေ့ရှိကြသည်။

### အာဒါလွတ်ဥစားသုံးမှုပုံစံ

မြန်မာနိုင်ငံ၏ တချို့အရပ်ဒေသများတွင် အာဒါလွတ်ဥကို ကလားဝါးဥ၊ သင်ဥ၊ ဝါးဥဟုအမျိုးမျိုးခေါ်ဝေါ်ကြသည်။ အာဒါလွတ်ဥကိုပြုတ်ပြီး ဆီ၊ ဆား၊ နှမ်းတို့ဖြင့် စားကြပြီး အရသာစိမ့်စိမ့်လေးနှင့် မြန်မာ့အစားအစာများတွင် နေရာတစ်ခုယူထားသည့် အာဒါလွတ်ဥက ဆေးဖက်ဝင်သည်။ အာဒါလွတ်ဥကို ပါးပါးလှီး၍ကြော်ခြင်း၊ ပြုတ်ထောင်းပြီး မုန့်နှစ်ဖြင့်လည်း အကြွပ်ကြော်စားလေ့ရှိကြောင်းနှင့် သက်သတ်လွတ်သမားများ ပိုမိုဝယ်ယူစားသုံးကြပြီး မုန့်ပဲသရေစာအဖြစ်လည်း စားသုံးကြသည်။ အာဒါလွတ်ဥတွင်ပါဝင်သည့် အာဟာရဓာတ်များနှင့် ဆေးဖက်ဝင်အာနိသင်များကို သိပ္ပံပညာလေ့လာမှုအထောက်အထားများလည်း တွေ့ရှိထားသည်။

### အာဒါလွတ်ဥတွင်ပါဝင်သော အာဟာရဓာတ်များ

အာဒါလွတ်ဥတွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်-B အုပ်စုကဲ့သို့ အာဟာရဓာတ်များပြည့်စုံစွာပါဝင်ပြီး ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဖော့စဖရပ်စ်ကဲ့သို့ သတ္တုဓာတ်များကြွယ်ဝသည်။ အာဒါလွတ်ဥတွင် အာဟာရဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့်အတွက် အစာခြေစနစ်ကောင်းမွန်ခြင်း၊ အရိုးကိုသန်မာစေခြင်း၊ သွေးလှည့်ပတ်မှုနှင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်သည်။ အာဒါလွတ်ဥ ၁၀၀ ဂရမ်တွင် ကာဗိုဟိုက်ဒရိတ် ၁၃ ဂရမ် (၄ ရာခိုင်နှုန်း)၊ ပရိုတင်း ၄ ဒသမ ၂ ဂရမ် (၈ ရာခိုင်နှုန်း)၊ အဆီ သုည ဒသမ ၂ ဂရမ် (သုည ရာခိုင်နှုန်း)၊ ကိုလက်စထရော သုည ဒသမ သုည ဂရမ် ( သုည ရာခိုင်နှုန်း)၊ ဆိုဒီယမ် ၂၆ ဂရမ် (၁ ရာခိုင်နှုန်း) နှင့် ပိုတက်ဆီယမ် ၄၅၄ ဂရမ် (၁၂ ရာခိုင်နှုန်း) ပါဝင်သည်။

### အာဒါလွတ်ဥ၏ဆေးဖက်ဝင် အကျိုးကျေးဇူးများ

အာဒါလွတ်ဥသည် မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားသောကြောင့် နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်သည်။

ခန္ဓာကိုယ်၏အစာခြေစနစ်တွင် အမျှင်ဓာတ်က အရေးပါဆုံးဖြစ်ပြီး အာဒါလွတ်ဥအမျှင်ဓာတ်က အူလမ်းကြောင်းအတွင်း၌ အစားအစာရွေ့လျားမှုကောင်းမွန်စေပြီး အာဟာရဓာတ်များစုပ်ယူနိုင်အောင် နှိုးဆွပေးကာ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းတို့ကို သက်သာပျောက်ကင်းစေပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးပါသည်။ အဆိုပါ အမျှင်ဓာတ်ကြောင့် ပိုလျှံနေသော ကိုလက်စထရောများကို ရှင်းလင်းပေးပြီး နှလုံးသွေးကြောကျန်းမာရေးကို ကောင်းမွန်စေသည်။

အာဒါလွတ်ဥတွင် Gluten ဓာတ်မပါဝင်သောကြောင့် အစာအိမ်နာခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းမအီမသာဖြစ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်ပါဝင်မှုပမာဏများသောကြောင့် နှလုံးနှင့်ပတ်သက်သည့်ရောဂါများကို ကာကွယ်ပေးသည်။ ပိုတက်ဆီယမ်က နှလုံးသွေးလွှတ်ကြောများနှင့် သွေးပြန်ကြောများကို ပြေလျော့စေပြီး သွေးဖိအားကိုကျစေသဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်ကို လျော့နည်းစေပါသည်။ အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်နှင့် ဆိုဒီယမ်ပါဝင်မှုများသောကြောင့် သွေးအားကို ထိန်းညှိပေးနိုင်ပါသည်။ သွေးတိုးရောဂါရှိသူများ မဖြစ်မနေစားသုံးပေးသင့်သည့် အစားအစာတစ်ခုဖြစ်ပါသည်။ အာဒါလွတ်ဥထဲတွင်ပါဝင်သည့် ဖောလိတ်ဓာတ်သည် နှလုံးရောဂါဖြစ်စေသည့် Homocysteine ဓာတ်ကို လျှော့ချပေးသည်။ မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားပြီး သတ္တုဓာတ်ကြွယ်ဝသောကြောင့် သွေးလှည့်ပတ်မှုအားကောင်းစေသည်။ အာဒါလွတ်ဥတွင် ဗီတာမင်-B အုပ်စုကြွယ်ဝစွာပါဝင်ပြီး ကောင်းမွန်သည့်ကိုလက်စထရောများ ပါဝင်သောကြောင့် နှလုံးသွေးကြောနှင့်ပတ်သက်သည့်ရောဂါများကို ကာကွယ်ပေးပါသည်။ သွေးအားနည်းရောဂါအပြင် မူးမော်ခြင်းမဖြစ်အောင် ကာကွယ်ပေးပါသည်။



> "ခန္ဓာကိုယ်၏အစာခြေစနစ်တွင် အမျှင်ဓာတ်က အရေးပါဆုံးဖြစ်ပြီး အာဒါလွတ်ဥအမျှင်ဓာတ်က အူလမ်းကြောင်းအတွင်း၌ အစားအစာရွေ့လျားမှုကောင်းမွန်စေပြီး အာဟာရဓာတ်များစုပ်ယူနိုင်အောင် နှိုးဆွပေးကာ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းတို့ကို သက်သာပျောက်ကင်းစေပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးပါသည်။ အဆိုပါအမျှင်ဓာတ်ကြောင့် ပိုလျှံနေသော ကိုလက်စထရောများကို ရှင်းလင်းပေးပြီး နှလုံးသွေးကြောကျန်းမာရေးကို ကောင်းမွန်စေသည် . . ."

အာဒါလွတ်ဥထဲတွင်ပါဝင်သည့် သံဓာတ်က သွေးလှည့်ပတ်မှုအားကောင်းစေသဖြင့် ဦးနှောက်ထဲကို အောက်ဆီဂျင်လုံလောက်စွာ ရောက်ရှိစေသည့်အတွက် ဉာဏ်ကောင်းစေပါသည်။ သတိမေ့ရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးသည်။

အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်နှင့် သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အရိုးများကိုသန်မာစေပါသည်။

အာဒါလွတ်ဥတွင် ကြေးနီဓာတ်နှင့်သံဓာတ်ပါဝင်သောကြောင့် သွေးနီဆဲလ်များကိုတိုးပွားစေပြီး ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်းမှ ကာကွယ်ပေးသည်။ အဆိုပါဓာတ်များကြောင့် သွေးလှည့်ပတ်မှုကိုကောင်းမွန်စေသဖြင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။

အာဒါလွတ်ဥတွင် ဖောလိတ်ဓာတ်ပါဝင်မှုများသည့်အတွက် ကိုယ်ဝန်ဆောင်မိခင်များစားသုံးပါက ကျန်းမာစွာဖြင့် မွေးဖွားလာမည့်ကလေးတွင် ချို့ယွင်းချက်ပါလာနိုင်ခြေနည်းစေပါသည်။ ဖောလိတ်ဓာတ်က ဒီအင်န်အေဖြစ်တည်မှုနှင့် ဆဲလ်ကျန်းမာရေးများတွင် အရေးကြီးသောဓာတ်ဖြစ်ပြီး ဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ပေးသည်။

အသားမှရသောပရိုတင်းများထက် အသီးအနှံနှင့် သစ်ဥသစ်ဖုကရသောပရိုတင်းကို ခန္ဓာကိုယ်က စုပ်ယူမှုလုပ်ရတာပိုမိုလွယ်ကူသောကြောင့် ပရိုတင်းအသင့်အတင့်ပါဝင်သော အာဒါလွတ်ဥကို စားပေးခြင်းဖြင့် ကျန်းမာသည့်ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။

အာလူး၊ ပီလောပီနံတို့ကဲ့သို့ တခြားဥတွေထက် ကယ်လိုရီနည်းသည့်အာဒါလွတ်ဥက ကိုယ်အလေးချိန်လျှော့ချရာတွင် ပိုသင့်တော်ပါသည်။ အာဟာရဓာတ်များနှင့်အမျှင်ဓာတ်ပါသည့် အာဒါလွတ်ဥကို တွဲစားလျှင် ကိုယ်အလေးချိန်လျှော့ခြင်းအတွက် ပိုအကျိုးထူးနိုင်ပါသည်။ အဆာပြေအနေဖြင့်လည်း စားသုံးနိုင်ပါသည်။

အာဒါလွတ်ဥ၏ ဆေးဖက်ဝင်အာနိသင်ကြောင့် ဆီးအိမ်ပိုးဝင်ခြင်းနှင့်ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို ကုသပေးနိုင်သည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်း မကြာခဏဖြစ်တတ်သည့် အမျိုးသမီးများ အာဒါလွတ်ဥ စားပေးသင့်သည်။

အာဒါလွတ်ဥတွင်ပါဝင်သည့် သတ္တုဓာတ်များက အားနည်းခြင်း၊ နွမ်းနယ်ခြင်းနှင့် ဦးနှောက်ဉာဏ်ရည်ဆိုင်ရာပြဿနာများကို တွန်းလှန်ရာတွင်အများဆုံးအကျိုးပြုသည်။ ကိုယ်တွင်းအင်္ဂါစနစ်များအတွင်းအောက်ဆီဂျင်ပေးပို့မှုပိုကောင်းစေပြီး ခွန်အားလည်း မြင့်တက်စေသည်။

အာဒါလွတ်တွင် ဗီတာမင်-B ပါဝင်မှုမြင့်မားသောကြောင့် အင်ဇိုင်းနှင့်ဇီဝကမ္မဖြစ်စဉ်အတွက် အရေးပါလှသည်။ ဗီတာမင်-B အုပ်စုသည် ဟော်မုန်းများမှ အစနှလုံးခုန်နှုန်းအထိ ခန္ဓာကိုယ်အနှံ့လုပ်ဆောင်ချက်ဖြစ်စဉ်များကို ထိန်းညှိရာတွင် အရေးပါသည်။ ကယ်လ်စီယမ်ကြွယ်ဝမှုကြောင့်လည်း ခန္ဓာကိုယ်ထဲက အယ်ကာလိုင်းအက်စစ်ထိန်းညှိမှုအတွက် အရေးပါသည်။

အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ကျောက်ကပ်ကိုသန့်စင်ပေးပြီး ကျောက်ကပ်ထဲကအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

### သတိပြုရန်အချက်များ

အာဒါလွတ်ဥသည် ချောကလက်၊ နို့အေးချောင်း (ရေခဲချောင်း)၊ ငှက်ပျောသီးတို့နှင့် တွဲဖက်စားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ဂေါက်ရောဂါရှိသူများစားသုံးပါက ခြေဆစ်လက်ဆစ်များနာတတ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရပ်စ်တို့ပါဝင်သည့်အပြင် တခြားဗီတာမင်များနှင့်သတ္တုဓာတ်များလည်း ပါဝင်သည့်အတွက် ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ အစာခြေစနစ်ကောင်းမွန်စေခြင်း၊ အစာအိမ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း၊ အရိုးကိုသန်မာစေခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက်ကူညီပေးခြင်း၊ သွေးအားနည်းခြင်းကိုကာကွယ်ပေးပြီး သွေးလှည့်ပတ်မှုကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေးအတွက်ကောင်းခြင်း၊ ဆီးချိုရောဂါအတွက် အထောက်အကူပြုခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် သန္ဓေသားဖွံ့ဖြိုးစေခြင်း စသည့်ကျန်းမာရေးအကျိုးအာနိသင်များကို ပေးစွမ်းနိုင်ကြောင်းနှင့် ဗီတာမင်-B အုပ်စု ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းလုပ်ဆောင်ချက်များကို ထိန်းချုပ်ပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အာဇာနည်ခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်မှုနှင့်စိတ်နေသဘောထားများ

**၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် (၇၈) နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အများအကျိုးအတွက် ဆောင်ရွက်ခဲ့ကြပါသော အာဇာနည်ဟု သတ်မှတ်ခံထိုက်သည့် ခေါင်းဆောင်ကြီးများကျဆုံးခဲ့သောနေ့ကို အာဇာနည်နေ့အဖြစ်သတ်မှတ်ခြင်းဖြစ်သည်။**

အာဇာနည်ဟူသောဝေါဟာရသည် အာဇာနေယျ ဟူသောပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး (က) ကိုယ်ကျိုးကိုမကြည့်သူ၊ (ခ) အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိမြင်သူ၊ (ဂ) သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်ပြီး အများအကျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးသူဟု မြန်မာ့အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဓမ္မပဒပါဠိတော်ကလည်း ယောကျ်ားအာဇာနည်ဟူသည် နေရာဒေသတိုင်း၌ အခါခပ်သိမ်းမပေါ်ပေါက်တတ်ချေ။ အကြင်အရပ်၊ အကြင်ဒေသ၌ မတစ်ထောင်တစ်ကောင်ဖွား ယောကျ်ားအာဇာနည်ပေါ်ပေါက်ခဲ့သော် ထိုအရပ်၊ ထိုဒေသ၊ ထိုလူမျိုးအားလုံးတို့အတွက် အဖိုးအနဂ္ဃနှင့် အကျိုးအနန္တပင်ဖြစ်သတည်းဟူ၍ ဆိုထားသည်။

အာဇာနည်စိတ်ဓာတ်ဆိုသည်မှာ အမှန်တရားဘက်က မေတ္တာနှင့်သတ္တိတို့ဖြင့် ရပ်တည်သောစိတ်နေသဘောထားဖြစ်သည်။ တစ်နည်းဆိုသော် ငါတို့လုပ်တာအောင်မြင်သွားရင် ငါတို့အတွက် ဘာရရမယ်ဆိုတာ သူမတွေး။ တိုင်းပြည်အတွက် ဘာရစေ့မယ်ဆိုသည့် စိတ်ပဲရှိသူ။ တိုင်းပြည်ကောင်းစားဖို့ပဲတွေးသူကို အာဇာနည်စိတ်ဓာတ်ရှိသူဟု ခေါ်သည်။



**ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇)**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လောင်းလျာဖြစ်မည့် ငယ်နာမည် မောင်ထိန်လင်းခေါ် မောင်အောင်ဆန်းသည် မကွေးတိုင်း နတ်မောက်နယ်ဇာတိဖြစ်ပြီး ရှေ့နေဦးဖာ၊ ဒေါ်စုတို့၏ အထွေးဆုံးသားဖြစ်သည်။ သူ၏အဘိုးဖြစ်သူ ရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်သည် ဗြိတိသျှတို့ကို ဆန့်ကျင်တော်လှန်ခဲ့သည့် မျိုးချစ်သူရဲကောင်းတစ်ဦးဖြစ်သည်။ လွတ်လပ်သည့် မြန်မာနိုင်ငံတော်ဖြစ်ရေးကို မြော်တွေးပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှာ အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်သို့သွားရောက်ချုပ်ဆိုခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မြော်တွေးပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ သမိုင်းဝင် ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့သည်။ ဗိုလ်ချုပ်ကျဆုံးချိန်မှာ ဇနီးဒေါ်ခင်ကြည်နှင့် သားသမီးနှစ်ဦးကျန်ရစ်ခဲ့သည်။

**လေးစားအပ်သော စိတ်နေစိတ်ထား**

ဗိုလ်ချုပ်၏အရည်အချင်းနှင့်ပတ်သက်၍ ရေးပြစရာ စာဖွဲ့၍မကုန်နိုင်ပါ။ ၎င်းတို့အနက်အချက်အလက်အနည်းငယ်မျှအား ရွေးထုတ်ဖော်ပြလိုက်ရပါသည်။

၁၉၄၀ ပြည့်နှစ်က မန္တလေးမြို့တွင်သခင်အောင်ဆန်းနှင့်အဖွဲ့က တို့ဗမာအစည်းအရုံးကကျင်းပတဲ့ အမှုဆောင်အစည်းအဝေးလုပ်ကြရာ ထိုအစည်းအဝေးသို့ ဗြိတိသျှလေဘာပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဆာစတက်ဖို့ခရစ်ပ်တက်ရောက်သည်။ ခရစ်ပ်က ခင်ဗျားတို့ အခု အင်္ဂလိပ်လက်အောက်ခံဘဝက လွတ်မြောက်အောင် ကြိုးပမ်းနေကြတယ်၊ လွတ်လပ်ရေးကို ဘယ်လိုနည်းနဲ့ရအောင်လုပ်ကြမှာလဲ မေးရာ သခင်အောင်ဆန်းက ကျွန်တော်တို့ တရားတယ်ထင်တဲ့နည်းနဲ့ ရအောင်ယူရမှာပဲ ဖြေသည်။

ခရစ်ပ်က ကျုပ်နားမလည်သေးပါဘူး၊ ထပ်ရှင်းပြစမ်းပါဦးဆိုတော့ ဒီလိုလုပ်မှာပေ့ါဆိုပြီး သခင်အောင်ဆန်းက ခရစ်ပ်၏အင်္ကျီအိတ်ထဲက ဖောင်တိန်ကိုဆတ်ခနဲဆွဲလှမ်းယူရာ အင်္ကျီစအနည်းငယ် စုတ်ပြဲသွားသည်။ (ကျုပ်တို့လိုချင်တဲ့ လွတ်လပ်ရေးကို အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ယူမယ်ဆိုသည့်သဘောဖြေသည်) ထိုအခါ ခရစ်ပ်က တဟားဟားရယ်မောကာ သခင်အောင်ဆန်း၏ ရိုးသားမှုကို ခရစ်ပ်ကအထူးသဘောကျပြီး ချစ်စရာကောင်းတဲ့ အောင်ဆန်းလို့ နှစ်ကြိမ်တိတိရေရွတ်သည်။

ဗိုလ်ချုပ်မကျဆုံးခင် နှစ်နှစ်ခန့်အလို ၁၉၄၅ ခုနှစ်က ဗြိတိသျှဗိုလ်ချုပ်ကြီးဝီလီယံစလင်းဟာ မိတ္ထီလာဘက်ကိုရောက်နေပြီး ဂျပန်တွေကို တိုက်ထုတ်နေသည်။ ဗိုလ်ချုပ်ကလည်း ဂျပန်တွေကို တိုက်ထုတ်နေပြီး ဗြိတိသျှတွေနဲ့ မဟာမိတ်အဖြစ်ပူးပေါင်းချင်ကြောင်း ခွင့်ပြုပေးပါရန် စလင်းထံသွားတွေ့သည်။ ထိုအခါ စလင်းမေးသည်။ "အောင်ဆန်း ငါတို့ဂျပန်ကို စစ်နိုင်တာတွေ့လို့ မင်းငါတို့နဲ့ လာပူးပေါင်းတာမလား"ဟုမေးမြန်းရာ "ခင်ဗျားတို့စစ်ရှုံးနေတုန်းလာလို့ ကျုပ်အတွက် ဘာအကျိုးထူးမှာလဲ" ဟု ဗိုလ်ချုပ်က ခပ်ဆတ်ဆတ်ဖြေသည်။ စလင်းက တဟားဟားနှင့်သဘောကျပြီး ရယ်ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ရိုးသားမှုကိုစလင်းက အထူးသဘောကျပြီး တောင်းဆိုချက်များအားလုံးကို သဘောတူကာ အထက်ကို အားလုံးတင်ပြပေးခဲ့သည်ဟုဆိုသည်။

---



**ဦးဘဝင်း (၁၉၀၁-၁၉၄၇)**

ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကိုဖြစ်သည်။ ဦးဘဝင်းက ဗိုလ်ချုပ်ထက် အသက် ၁၅ နှစ်ကြီးသည်။ မွေးချင်းကိုးဦးမှာ ဦးဘဝင်းက တတိယမြောက်သားဖြစ်သည်။ ကောလိပ်ကျောင်းတက်စဉ် ဦးနုနှင့်ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။ ဒီးဒုတ်ဦးဘချို၏အကြံပေးမှုဖြင့် ဦးဘဝင်းသည် ရေနံချောင်းကနေ အမတ်အဖြစ် အရွေးခံခဲ့သည်။ ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းတို့၏ မေတ္တာရပ်ခံမှုဖြင့် ဦးဘဝင်းသည် ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးရာထူးလက်ခံပြီး နှစ်လခန့်အကြာ အာဇာနည်ခေါင်းဆောင်များနှင့်အတူ ကျဆုံးခဲ့ရသည်။

**လေးစားအပ်သော စိတ်နေစိတ်ထား**

အသက် ၁၅ နှစ်အရွယ်မှာ ကိုးတန်းအောင်သည်။ ညီငယ်မောင်အောင်သန်းနှင့် မောင်အောင်ဆန်းတို့ကို စောင့်ရှောက်ချင်စိတ်ကြောင့် ကိုးတန်းအောင်ပြီး ကျောင်းဆက်မတက်နိုင်သေးဘဲ မူလတန်းကျောင်းဆရာလုပ်သည်။ ပြီးနောက် ဘီအိုစီရေနံကုမ္ပဏီမှာ စာရေးအဖြစ် ဝင်လုပ်သည်။ လခ ၁၀၀ ကျပ်ရရာ လစာတစ်ဝက်တိတိကို မိဘထံပြန်လည်ထောက်ပံ့ပေးသည်။ ဦးဘဝင်းသည် မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် အင်မတန်တာဝန်သိတတ်သူ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသူအဖြစ် အများ၏အားကိုးကြည်ညိုခံရသူဖြစ်သည်။

---



**မန်းဘခိုင် (၁၉၀၃-၁၉၄၇)**

မန်းဘခိုင်စကားပြောသည့်အခါ ထွက်လာသည့်အသံ၊ လေယူလေသိမ်း၊ ပြောပုံဆိုပုံ၊ စကားလုံးပြောင်မြောက်ကောင်းမွန်လှသည်။ မန်းဘခိုင်သည် ရိုးသားဖြောင့်မတ်သူ၊ တည်ကြည်သူ၊ မှန်သည်ထင်က မည်သူ့ကိုမျှ အားမနာတတ်သူ၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကို ကြိုးပမ်းအားထုတ်သူ၊ ဖဆပလအမှုဆောင် အဖွဲ့တစ်ဖွဲ့လုံးက အားကိုးခံရသူလည်းဖြစ်သည်။ ရွေးကောက်ပွဲပြီး၍ အစိုးရဖွဲ့နိုင်လျှင် မန်းဘခိုင်ကို ဒုတိယနန်းရင်းဝန်(ဒုတိယဝန်ကြီးချုပ်) ခန့်မည်ဟု ဗိုလ်ချုပ်က မကြာခဏပြောလေ့ရှိသည်။ မန်းဘခိုင် မကွယ်လွန်ခင်အထိ အလုပ်သမားဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**လေးစားအပ်သော စိတ်နေစိတ်ထား**

မန်းဘခိုင်၏ သစ္စာရှိမှု၊ ရိုးသားမှု၊ သတ္တိရှိမှုတွေအတွက် ဗိုလ်ချုပ်က သူ့ကိုနိုင်ငံရေးလုပ်ဖို့တိုက်တွန်းရာက ပုသိမ်မြို့မှ ဖဆပလအမတ်အဖြစ်အရွေးခံပြီး နိုင်ငံရေးနယ်ထဲ ခြေစုံပစ်ဝင်ခဲ့သည်။ သူက မည်သူ့ကိုမျှအားနာခြင်း၊ ကြောက်လန့်ခြင်းမရှိပေ။ စကားပြောဆိုရာတွင်လည်း ပွင့်ပွင့်လင်းလင်းသာပြောတတ်သဖြင့် ပွင့်ပွင့်လင်းလင်းပဲကြိုက်သော ဗိုလ်ချုပ်နှင့်အလွန်အဆင်ပြေကြသည်။

ဗိုလ်ချုပ်က သူ့ကိုလွန်စွာ အားထားသောကြောင့် အစည်းအဝေးလုပ်စဉ် မန်းဘခိုင်က ဗိုလ်ချုပ်၏ ညာဘက်မှာ အမြဲထိုင်ရသည်။ ဇူလိုင်လ ၁၉ ရက် လုပ်ကြံခံရစဉ် ဗိုလ်ချုပ်ကကျည်ဆန် ၁၃ ချက်၊ ဗိုလ်ချုပ်အနီးဆုံးမှာထိုင်နေသည့် မန်းဘခိုင်က ကျည်ဆန် ၁၅ ချက် ထိမှန်ခံရသည်။ မန်းဘခိုင် အသက် ၄၄ နှစ်အရွယ်မှာ ကျဆုံးခဲ့သည်။

---



**မိုင်းပွန်စော်ဘွား စဝ်စံထွန်း (၁၉၀၇-၁၉၄၇)**

မိုင်းပွန်စော်ဘွားစဝ်စံထွန်းသည် နယ်စပ်ဒေသအမတ်အားလုံး၏ အားထားရာဖြစ်သည်။ သူ့ဖခင်ဖြစ်သူ စော်ဘွားကြီး စဝ်ခွန်ထီးသည် အသက် ခုနစ်နှစ်အရွယ်ကပင် မင်းတုန်းမင်း၏ မွေးစားသားအဖြစ် နန်းတော်ထဲတွင် ကြီးပြင်းခဲ့သည်။ သီပေါမင်းပါတော်မူချိန်မှာလည်း စဝ်ခွန်ထီးသည် ဗြိတိသျှတို့ကို လက်နက်ကိုင်တော်လှန်ခဲ့သူ၊ သတ္တိအမြော်အမြင်ပြည့်စုံ၍ လင်းပင်မင်းသားအုပ်စု၏ ဦးနှောက်နှင့်ဓားဟု တင်စားခံရသည်။ မိုင်းပွန်စော်ဘွားကြီးသည် တိုင်းရင်းသားညီညွတ်ရေးအတွက် ဗိုလ်ချုပ်နှင့်အတူ နေ့မအားညမအားဆောင်ရွက်ခဲ့သည်။ ပထမပင်လုံညီလာခံတုန်းက သူကိုယ်တိုင် ဦးစီးဦးဆောင်အဖွဲ့ထဲပါခဲ့သည်။ ဒုတိယပင်လုံညီလာခံအတွက်ကိုလည်း စည်းရုံးရေးများလုပ်ခဲ့ရပြီး ပင်လုံစာချုပ် လက်မှတ်ရေးထိုးသူတစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ လုပ်ကြံခံရသောနေ့ ဇူလိုင်လ ၁၉ ရက်မှာ မဆုံးသေးဘဲ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သည်။

**လေးစားအပ်သောစိတ်နေစိတ်ထား**

စော်ဘွားကြီး၏စိတ်ထားကောင်းခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းတို့ကြောင့် နယ်ထဲသွားလာရာတွင် နယ်သူနယ်သားများက ထိုင်ပြီးဦးညွှတ်ရသောဓလေ့ရှိသည်။ မိုင်းပွန်စော်ဘွားကြီးက ထိုဓလေ့ကို လုံးဝလက်မခံ၊ လုပ်ခွင့်လည်းမပြုပေ။ ဘာသာရေးလွန်စွာကိုင်းရှိုင်းပြီး ကွမ်း၊ ဆေးလိပ်၊ အရက်သေစာ ရှောင်ကြဉ်သည်။ ဇနီးသည်မှာ မဟာဒေဝီဖြစ်သည်။ ဂျပန်တို့ မြန်မာပြည်က ဆုတ်ခွာချိန် ၁၉၄၅ ခုနှစ်တွင် မဟာဒေဝီသည် မိုင်းပွန်တောထဲ၌ ကွယ်လွန်ခဲ့သည်။ မဟာဒေဝီကွယ်လွန်ပြီးနောက် စော်ဘွားကြီးက ဒုတိယဇနီးမထားဘဲ သားသမီးလေးဦးကိုလည်း စော်ဘွားကြီးက သူမကွယ်လွန်ခင်ထိ ဂရုတစိုက်စောင့်ရှောက်ခဲ့သည်။ စော်ဘွားကြီးအသက် ၄၀ အရွယ်တွင် ကျဆုံးသည်။

စာမျက်နှာ ၁၀ သို့ ➢

➢ စာမျက်နှာ ၉ မှအဆက်



**ဦးရာဇတ် (၁၈၉၈-၁၉၄၇)**

မိတ္ထီလာသား ဦးရာဇတ်ခေါ် မစ္စတာအပ္ပဒူရာဇတ်သည် တော်လှန်ရေးတွင် လက်နက်ကိုင်၍ ကိုယ်တိုင်မပါဝင်ခဲ့သော်လည်း အထက်မြန်မာပြည်တော်လှန်ရေးဆင်နွှဲသည့် လူငယ်များအတွက် လမ်းညွှန်မှုများ ပေးနိုင်ခဲ့သည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဖခင်က အစ္စလမ်ဘာသာဝင်၊ မိခင်က ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

ဦးရာဇတ်သည် ဗုဒ္ဓဘာသာအပေါ် အလွန်လေးစားပြီး ကိုရင်တွေကို စာသင်ပေးသည်။ နယ်ချဲ့အင်္ဂလိပ်ကိုဆန့်ကျင်ဖို့အတွက် လူငယ်တွေ အင်္ဂလိပ်စာတတ်သင့်တယ်ဆိုသော ရည်ရွယ်ချက်ဖြင့် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည့် သူ့ကိုယ်ပိုင်အမျိုးသားကျောင်းမှာ အင်္ဂလိပ်စာသင်ပေးသည်။ သူ့ကျောင်းကကျောင်းသားများဟာ လက်ရုံးရည်၊ နှလုံးရည်၊ အားကစား၊ ဂီတဘက်စုံတတ်မြောက်စေရုံမျှမကလွတ်လပ်ရေးတိုက်ပွဲဝင်သားကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

မန္တလေးတက္ကသိုလ်ဖြစ်မြောက်အောင်လည်း တည်ထောင်ပေးခဲ့သူဖြစ်သည်။ ဖဆပလအပေါ် သစ္စာရှိသူ၊ စိတ်ဝမ်းမကွဲသူ၊ တိုင်းရင်းသားလူနည်းစုပြဿနာကို ဖြေရှင်းပေးနိုင်သူ၊ စည်းမျဉ်း စည်းကမ်းရှိသေသူတစ်ဦးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖိတ်ခေါ်ချက်အရ ဦးရာဇတ်သည် ပညာရေးဝန်ကြီးအဖြစ် သူမကွယ်လွန်ခင်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ အသက် ၄၉ နှစ်အရွယ်မှာ ကျဆုံးခဲ့ပြီး သူကွယ်လွန်ချိန်မှာ ဇနီး ဒေါ်ခင်ခင်နှင့် သားသမီးသုံးဦး ကျန်ရစ်ခဲ့သည်။

**လေးစားအပ်သောစိတ်နေစိတ်ထား**

ဦးရာဇတ်သည် လူတွေကိုကူညီချင်စိတ်ကြီးမားသူဖြစ်ပြီး ဝိဇ္ဇာပထမနှစ် စာမေးပွဲဖြေနေစဉ် အခြားကျောင်းသားများကို အဖြေကူညီရေးပေးမိ၍ စာမေးပွဲဖြေဆိုခွင့်နှစ်နှစ်ပိတ်ခံရသည်။ အင်္ဂလိပ်စာအရေးအသားအလွန်ကောင်းပြီး စစ်မဖြစ်ခင်ကာလ သူရိယသတင်းစာမှာ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများရေးခဲ့သည်။ စာရေးဆရာမကြီး လူထုဒေါ်အမာသည် ဦးရာဇတ်၏တပည့်ဖြစ်သည်။ ရွှေဘိုထောင်မှာ အကျဉ်းချထားခံရစဉ် ဆရာကြီး၏တပည့်တွေက ထောင်မှူးနှင့်ညှိပြီး ခိုးထုတ်ရန်စီစဉ်သည်ကို သူလက်မခံဘဲ အတူအဖမ်းခံရသူများကို ချန်မထားနိုင်ဟု ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်အကျဉ်းသားအဖြစ် ရက်ပေါင်း ၁၉၁ ရက်တိတိ ခံစားခဲ့ရသည်။

---

**ဒီးဒုတ်ဦးဘချို (၁၈၉၃-၁၉၄၇)**

ရောဝတီတိုင်း မြောင်းမြမြို့သား ဦးဘချိုသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကလောင်ဖြင့် တိုက်ပွဲဝင်ခဲ့သည့် ဒီးဒုတ်ဂျာနယ်၊ ဒီးဒုတ်သတင်းစာ ထုတ်ဝေသူ၊ အယ်ဒီတာ၊ စာရေးဆရာအဖြစ် ထင်ရှားသည်။ ဒီးဒုတ်၊ တောက်တဲ့၊ စပယ်၊ ဥက္ကလာမခင်စိန် စသည့် ကလောင်အမည်အမျိုးမျိုးဖြင့် စာပေများစွာရေးသားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ စာပေနှင့် ဂီတလောကတွင် နှစ်ယောက်မရှိသူ၊ စာပေဗဟုသုတဘက်တွင် စာအုပ်လှန်စရာမလိုဘဲ စာကိုအလွတ်ရွတ်ပြနိုင်သူ၊ ဂီတဘက်တွင် ပညာဗဟုသုတ ဖြန့်ဝေပေးသူ၊ နက္ခတ်၊ ဆေးဝါး၊ မန္တရားအင်းအိုင်ဘက်တွင် ကျွမ်းကျင်သူ၊ ပန်းချီဘက်တွင်လည်း ဝါရင့်ပန်းချီဆရာများကိုပင် လမ်းညွှန်နိုင်သူ၊ လုပ်ငန်းမှန်သမျှ သူမပါလျှင်မပြီး ခရီးရောက်သည့်သူ၊



အဘက်ဘက်မှ စွယ်စုံပညာရှင်ဆရာကြီးဖြစ်သည်။ ထူးခြားချက်တစ်ခုက ဦးဘချိုသည် ၁၃၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး၏ဥက္ကဋ္ဌဖြစ်ပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီးကိုလည်း တည်ထောင်ခဲ့သည်။ ဒီးဒုတ်ဦးဘချိုမှာ အနုပညာဘက်မှာလည်း အလွန်နှံ့စပ်သဖြင့် တစ်နေ့တွင် ဦးရာဇတ်က ဒီးဒုတ်ဦးဘချိုထံသို့ နန်းတော်ရှေ့ဆရာတင်ကို အပ်နှံသည့် စာတစ်စောင်ရေးပေးလိုက်သည်။ ထို့ကြောင့် နန်းတော်ရှေ့ဆရာတင်၏အောင်မြင်မှုသည် ဒီးဒုတ်ဦးဘချိုဟူသော ဆရာသမားကောင်းနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်ပေသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ရန်ကုန်မြို့လုံးကျွတ်ကျောင်းသားသပိတ်ကြီး ဆင်နွှဲချိန် သဘာပတိအဖြစ်ဆောင်ရွက်နေသော ဒီးဒုတ်ဦးဘချိုကို ပုလိပ်များက လာရောက်ဖမ်းဆီးသည့်အခါ ဦးဘချိုတို့အဖွဲ့က အပြုံးမပျက်ဘဲ ဒို့ဗမာသီချင်းကို သံပြိုင်ဆိုခဲ့သည်။ ဦးဘချို မကွယ်လွန်ခင်အထိ သတင်းဖြန့်ချိရေးနှင့် ဝါဒဖြန့်ဖြူးရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**လေးစားအပ်သောစိတ်နေစိတ်ထား**

ဦးနုအပါအဝင် နိုင်ငံရေးသမားများက သူ့ကို အလွန်လေးစားကြ၍ ဆရာချိုဟုခေါ်ကြသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ယခုလိုမှတ်ချက်ပေးသည်။ အင်္ဂလိပ်လူမျိုးထဲမှာတော့ အယ်လ်ဒပ်စ်ဟတ်စလေဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိပါတယ်။ ဘယ်ဘက်ကစမ်းစမ်းရတဲ့ ပုဂ္ဂိုလ်ပါ။ သို့သော် ဦးဘချိုလောက်တော့ စုံမယ်မထင်ပါဟု ဆိုထားသည်။

---



**သခင်မြ (၁၈၉၇-၁၉၄၇)**

ပြည်ခရိုင် ထုံးဘိုမြို့သားဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်မှစ၍ ကွယ်လွန်ချိန်အထိ ခေတ်အဆက်ဆက် နိုင်ငံရေးရာအသင်းအဖွဲ့များမှာ ဦးစီးဦးဆောင်သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့မှာလည်း သခင်မြက ပြည်ထဲရေးနှင့်တရားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသည်။ သခင်မြမကွယ်လွန်ခင်အထိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သခင်မြက ဖြစ်ပေါ်လာသော ကိစ္စမှန်သမျှကို ခပ်အေးအေး စဉ်းစားဝေဖန်ဆုံးဖြတ်လေ့ရှိသည်။ အရေးကြီးသောဆုံးဖြတ်ချက်တစ်ခုခုကို လုပ်စရာရှိလျှင် ဗိုလ်ချုပ်တို့ကအစ သခင်မြ၏ဆုံးဖြတ်ချက်ကိုစောင့်ရသည်။ သခင်မြခေါင်းညိတ်လိုက်မှလည်း ဆုံးဖြတ်ချက်ချမှတ်ပြီးစီးသည်။ အသက် ၅၀ အရွယ်မှာ ကျဆုံးခဲ့ပြီး သူကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ညွန့်ကျန်ရစ်ခဲ့သည်။ သခင်မြတွင် သားသမီးမထွန်းကားပါ။

**လေးစားအပ်သောစိတ်နေစိတ်ထား**

သခင်မြသည် စိတ်အေးသူ၊ စိတ်သဘောထားကောင်း၍ ချင့်ချိန်နိုင်စွမ်းရှိသူ၊ အေးအေးဆေးဆေးစဉ်းစားတတ်သူ၊ စွမ်းဆောင်ရည်ရှိသူဖြစ်ကာ အကြောင်းရပ်တိုင်း၌ ပြတ်ပြတ်သားသား ရှင်းလင်းနိုင်သည့်သတ္တိရှင်ဖြစ်သည်။ အေးချမ်းပြီး အမြဲပြုံးနေတတ်သည်။ အောက်လက်ငယ်သားတွေအပေါ်မှာ အလွန်ရည်မွန်သူဖြစ်ပြီး ကျောသားရင်သား မခွဲခြားတတ်ပေ။ တပည့်တပန်းများနှင့် ပျော်ပျော်နေတတ်သည်။ ပြည်ထဲရေးဝန်ကြီးချုပ် ဆာပေါ်ထွန်းက သခင်မြသည် အလွန်အကျိုးအကြောင်းမျှတစွာ ဆက်ဆံတတ်သည့်ပုဂ္ဂိုလ်၊ သခင်မြလိုသခင်မျိုးကိုတော့ ကျွန်တော်တို့က ကန်တော့ပွဲနဲ့တောင်ထားချင်ပါတယ်ဟုဆိုသည်။ သခင်မြ၏ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌရာထူးကိုဆက်ခံသော ဦးကိုကိုကြီးကလည်း သခင်မြက ငါတို့ခေတ်မှာ ဂုဏ်သရေရှိလူကြီးလူကောင်းအားလုံးရဲ့ အထက်မှာရှိတယ်ဟု မှတ်ချက်ချသည်။

---



**အတွင်းဝန် ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)**

မင်းဘူးမြို့နယ် ထောက်ရှာပင်ရွာသားဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ၌ တပ်ရင်းတပ်ခွဲမှူးတစ်ယောက်ဖြစ်ပြီး သေနတ်ပစ်ထူးချွန်သည်။ ဝန်ထောက်စာမေးပွဲအပြင် အိန္ဒိယပဋိညာဉ် အိုင်စီအက်စ်စာမေးပွဲနှစ်ရပ်လုံး အောင်မြင်သော ခေတ်ပညာတတ်တစ်ဦးဖြစ်သည်။ အင်္ဂလန်အောက်စဖို့ဒ်တက္ကသိုလ် ဂျီးဆပ်ကောလိပ် (Jesus College) ၌ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေးပညာသင်ခဲ့သည်။ ပင်လုံညီလာခံတွင် ကချင်ပြည်နယ်က ဒူးဝါးဆင်ဝါးနောင်တို့နှင့် ပင်လုံညီလာခံမှာ လက်မှတ်ထိုးရန်အတွက် ဦးအုန်းမောင်ကကချင်လူမျိုးများနှင့်အဆင်ပြေအောင် တာဝန်ယူနိုင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေးမှာ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စောစံဖိုးသင် ခရီးလွန်နေသဖြင့် သူ့ကိုယ်စား ဒုတိယအတွင်းဝန် ဦးအုန်းမောင်က အစည်းအဝေးတက်ရသည်။ ထိုအစည်းအဝေး၌ ၎င်းတို့ဝန်ကြီးဌာန၏ လုပ်ငန်းအစီအစဉ်များတင်ပြနေစဉ် မသမာသူ သေနတ်သမားများ၏လုပ်ကြံမှုဖြင့် ဦးအုန်းမောင်လည်း အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ရသည်။

**လေးစားအပ်သောစိတ်နေစိတ်ထား**

အင်္ဂလန်တွင် ပညာသင်နေစဉ် မျိုးချစ်စိတ်ဓာတ်ထက်သန်၍ တိုင်းပြည်နှင့်လူမျိုးကိုထိလျှင် နည်းနည်းမျှသည်းမခံနိုင်သူ၊ ထို့ကြောင့်သူ့ကိုအင်္ဂလန်ရှိအငြိမ်းစားအိုင်စီအက်စ်အရာရှိကြီးတချို့က တိုက်ကြက်ကလေးဟု ကွယ်ရာတွင်ခေါ်လေ့ရှိကြောင်း ပညာသင်ဖော် ဆရာမင်းသုဝဏ်က မှတ်တမ်းတင်ခဲ့သည်။ သူ့ဇနီးက တစ်ညမှာ အငယ်ဆုံးသားလေး ကျန်းမာရေးမကောင်းဘူး၊ စိုးရိမ်ရတဲ့အခြေအနေပါ၊ ဦးအုန်းမောင်က ကလေးချီပြီး လမ်းလျှောက်နေတုန်း ဗိုလ်လက်ျာနဲ့ ဗိုလ်လှထွန်းတို့က အိမ်လာခေါ်တယ်။ ဗိုလ်ချုပ်က ကချင်ပြည်လွှတ်မလို့တဲ့၊ ကလေးနေမကောင်းလို့သူကမသွားချင်ပေမယ့် တိုင်းပြည်အရေးကိစ္စအတွက်ည ၂ နာရီလောက်မှာ ကချင်ပြည်ကိုထွက်သွားရတယ်၊ တိုင်းပြည်အရေးကို အဲလိုအလေးထားတာပါဟုဆိုသည်။

---



**ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)**

ရဲဘော်ကိုထွေးမိသားစုသည် မန္တလေးတွင်နေကြပြီး ဖခင်က အစ္စလမ်ဘာသာဝင်၊ မိခင်က ပိုးကရင်ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ လက်ဝှေ့ကျော်စောဘာဘာ၏ ညီအငယ်ဆုံးဖြစ်သည်။ မန္တလေးတွင်ဦးရာဇတ်အိမ်နှင့် ဘေးချင်းကပ်လျက်နေကြသည်။ ဦးရာဇတ်က ကိုထွေးကို အလွန်ချစ်သဖြင့် သူဝန်ကြီးဖြစ်ချိန်မှာ သက်တော်စောင့်အဖြစ် ကိုထွေးအားခေါ်လာခဲ့သည်။ ထို့ကြောင့် ကိုထွေးသည် ဦးရာဇတ်တာဝန်နှင့် အမြဲလိုက်ပါသွားရသည်။ သူလုပ်ကြံမခံရခင် ဇူလိုင်လ ၁၈ ရက်က သူဆုရခဲ့တဲ့ဘူးလေး အိမ်နံရံမှာချိတ်ထားရာကနေ သူ့အလိုလိုပြုတ်ကျနိမိတ်ပြခဲ့တယ်ဟု ကျန်ရစ်သူမိသားစုကဆိုသည်။

ဗိုလ်ချုပ်တို့ အသက်စွန့်ကြိုးပမ်းရယူပေးခဲ့သည့် လွတ်လပ်ရေး၏တန်ဖိုးရှိပုံနှင့် ဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာနားလည်သဘောပေါက်ဖို့လိုသည်၊ စည်းကမ်းရှိဖို့လိုသည်၊ တာဝန်သိဖို့လိုသည်၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးတန်ဖိုးထားဖို့လိုသည်။

အချုပ်အားဖြင့်ဆိုသော် မျိုးဆက်သစ်လူငယ်များသိထားသင့်သည်မှာ အာဇာနည်ဆိုသော အဓိပ္ပာယ်သည် သူ့ဘဝတစ်လျှောက်လုံး သူသေဆုံးသည့်တိုင်နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး၊ လူသားအကျိုးတို့ကို ထူးထူးခြားခြား စွမ်းစွမ်းတမံဆောင်ရွက်ကာ အာဇာနည်စိတ်ဓာတ်ရှိသူကို အာဇာနည်ဟုခေါ်သည်။ ထို့ကြောင့် ကျွန်မတို့အားလုံးကိုယ်ကျိုးမဖက်ဘဲ ကိုယ့်နိုင်ငံတိုးတက်ရာတိုးတက်ကြောင်းကို မြန်မာနိုင်ငံသားပီပီလုပ်ဆောင်ကြရင်း အာဇာနည်ပုဂ္ဂိုလ်ကြီးများ အရယူပေးခဲ့သော လွတ်လပ်သည့်နိုင်ငံတော်ကို ပြည်ချစ်စိတ်ဖြင့် စောင့်ရှောက်ကြရပါမည်ဖြစ်ပါသတည်း။ ။

**တင်ထက်ထက်ဇော်**

❖ ကျောဖုံးမှအဆက်

အနောက်မှ အရှေ့သို့ဖြတ်သန်းပြီး ပြင်ဦးလွင်-မန္တလေးမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အခြားမြို့ရွာများနှင့်ကျောက်မဲမြို့မှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့ရွာများသို့လည်း ဆက်သွယ်သွားလာနိုင်သည့်မြို့ဖြစ်သည်။

ရှမ်း၊ ဓနုနှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး ဘာသာတရားအဆုံးအမနှင့်အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နောင်ချိုမြို့၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်ပြီး မွေးမြူရေး၊ ခတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ရေတံခွန်များ၊ ထုံးကျောက်ဂူများ၊ တောတောင်ရှုခင်းအလှများ၊ မတူကွဲပြားသော လူမျိုးစုများ၊ သမိုင်းဝင်နေရာများစွာရှိနေသော နောင်ချိုမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ခရီးသွားများများစွာဝင်ရောက်မှုတို့နှင့်အတူ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံများ၏လူမှုစီးပွားလည်း တိုးတက်စည်ပင်သာယာသည့် အေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုသို့အေးချမ်းသာယာပြီး တိုးတက်မှုအဟုန်မြင့်မားနေသည့် နောင်ချိုမြို့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်မှစတင်၍ မြို့နှင့်မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ဒေသခံပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား/ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့်နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏တိုက်တာ အိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက် လာရောက်တိုက်ခိုက်မှုကြောင့် နောင်ချိုမြို့ရှိတပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်စစ်ကြောင်းများသည် နောင်ချိုမြို့နှင့် မိမိတို့၏ တပ်ရင်းဌာနချုပ်များ၊ ရန်သူ့လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန် **စာမျက်နှာ ၁၂ သို့** ❖



တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့မရဲစခန်းအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့ပြည်သူ့ဆေးရုံခွဲစိတ်ခန်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးထားရှိမှုကိုတွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နယ် တရားရုံးအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်ခဲယမ်းများကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်ခဲယမ်းများကိုတွေ့ရစဉ်။

❖ စာမျက်နှာ ၁၁ မှအဆက်

ခုခံခဲ့သော်လည်း ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းတို့ကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ခံစစ်ဆင်ဆုတ်ခွာခဲ့ကာ တောင်ခမ်းတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ တောင်ခမ်းနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ် ထိစပ်နေသည့်ဒေသတို့၌ ယာယီခံစစ်ဆင်ကာ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံခဲ့သည်။

နောင်ချိုမြို့အား ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးလှုပ်ရှားမှုအရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDF နှင့် ဓနု PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်မှ စတင်၍ တောင်ခမ်းတပ်နယ်အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ဝင်ရောက်နေရာယူပြီး ရွာသူ/ရွာသားများအား လူသားတံတိုင်းသဖွယ်အသုံးပြု၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ မိမိတပ်များက စစ်ဗျူဟာအရေးကြီးမြေများတွင်ဖြန့်ခွဲ၍အသင့်ခံစစ်ပြင်ဆင်ခုခံတိုက်ခိုက်မှုများကြောင့် အလွယ်တကူ ထိုးဖောက်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ Drone များ၊ လက်နက်ကြီးများအသုံးပြု၍ တပ်ရင်းဌာနချုပ်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့ပြီး အဖွဲ့ငယ်များခွဲကာ အလစ်အငိုက်တိုက်ခိုက်ခြင်းများ၊ အဓိကအုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့် နောင်လင်း-မဲပုတ်-စျေးကုန်းလမ်း၊ နားရှိုး-စျေးကုန်းလမ်းဆုံတို့အား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ယာပြင်-အင်းဖို-တောင်ရှည်လမ်းကြောင်းအား ထိုးဖောက်ဝင်ရောက်၍ တောင်ခမ်းရွာနေရာများကို ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်း၊ နောင်လင်း-မဲပုတ်-မကျည်းရေလမ်းကြောင်းမှတစ်ဆင့် တပ်မတော်စခန်းများအား တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်ဦးလွင်-နောင်ချိုဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ကျောက်ကြမ်း၊ အုမ္မခါး၊ ရေမောင်းတန်း၊ အုမ္မသီး၊ ဘန့်ဘွေးဒေသနှင့် ပြင်ဦးလွင်-မိုးကုတ်လမ်းကြောင်းပေါ်ရှိ ဟိုခို၊ သံဘို၊ ကျောက်မဲလေးဒေသအထိ တိုးချဲ့တိုက်ခိုက်လာခဲ့သည်။

ထိုသို့ တိုက်ခိုက်ခြင်းများကြောင့် တောင်ခမ်းဒေသသို့ တပ်မတော်မှ ကွန်မန်ဒိုအဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများအား အမြန်ဆုံး ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်းကာ မြေပြင်/ဝေဟင်ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့်နေရာများသို့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter- Terrorism Operation) ဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မကျည်းရေမှတစ်ဆင့် တောင်ခမ်းသို့ ဆက်သွယ်သည့် အုပ်ချုပ်မှုလမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါသည်။ အလားတူ ကျောက်မဲလေးဒေသမှ သံဘိုကျေးရွာအနီးနှင့် ဘန့်ဘွေးဒေသမှ ဂန့်ဂေါ်-အုမ္မသီးလမ်းခွဲတို့အား တန်ပြန်တိုက်စစ်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ စိတ်ဓာတ်ရေးရာကို ပြင်းထန်စွာ ရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် စာမျက်နှာ ၁၃ သို့ ❖


တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ်၊ မန်မော်ဘုရားကုန်းတွင် အကြမ်းဖက်သောင်းကျန်းသူများက ခံစစ်ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။


ဂုတ်တွင်းတံတားအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

❖ စာမျက်နှာ ၁၂ မှအဆက်

တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာမြောက်အဆင့်ဆင့်ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းတည်ဆောက်ထားသည့်နေရာများကို အဆင့်ဆင့်လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ပြီး နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကြောင်းများခွဲ၍ "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း" တိုက်ခိုက်ခဲ့ရာ တောင်ခမ်း-ကံကြီး-နောင်ချိုလမ်းကြောင်းရှိ နမ့်ဆောင်ဟူးတစ်ဝိုက်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင်လည်းကောင်း၊ တောင်ခမ်း-ရွှေသွန်း-ဂုတ်ထိပ်-နောင်ချိုလမ်းကြောင်းရှိ ဂုတ်ထိပ်အနီးတစ်ဝိုက်အား ဇူလိုင်လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ပြင်ဦးလွင် - နောင်ချိုပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ အုမ္မသီးလမ်းခွဲမှ အုမ္မခါးကျေးရွာအထိအား ဇွန်လ ၂၅ ရက်တွင်လည်းကောင်း၊ ကျောက်ကြမ်းနေရာတစ်ဝိုက်အား ဇူလိုင်လ ၁၅ ရက်နေ့တွင်လည်းကောင်း၊ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး အောင်မြင်စွာပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အဆင့်ဆင့်ပစ်ကျင်းများတူး၍ ချဉ်းကပ်ခဲ့ပြီး အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၂၀ ကြိမ်၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထင်ရှားသည့်တိုက်ပွဲများအနေဖြင့် ငုံးမင်းစေတီတိုက်ပွဲ၊ ပွိုင့် (၁၁၃၀)တိုက်ပွဲ၊ ဇေတဝန်ဘုရားကုန်းတိုက်ပွဲ၊ မန်ကျည်းရေဘုန်းကြီးကျောင်းတိုက်ပွဲ၊ ထုံးဖိုစုကျေးရွာတိုက်ပွဲ၊ ကမ္ဘောဇဘုန်းကြီးကျောင်းတိုက်ပွဲ၊ နားရှိုးကျေးရွာတိုက်ပွဲ၊ ရွှေစံဖော်ဘုန်းကြီးကျောင်းတိုက်ပွဲ၊ ဆယ်တောင်ပြည့်ဘုရားကုန်းတိုက်ပွဲ၊ မန်မောကျေးရွာတိုက်ပွဲ၊ တောင်ရှည်ကျေးရွာတိုက်ပွဲ၊ ကျောက်ကြမ်းတိုက်ပွဲ၊ နမ့်ဆောင်ဟူးတိုက်ပွဲ၊ မျက်ချင်းနုတိုက်ပွဲ၊ ရွှေပြည်ညွှန့်တိုက်ပွဲ၊ ရွှေသွန်းတိုက်ပွဲ၊ ကုန်းစံတိုက်ပွဲ၊ ဂုတ်ထိပ်တိုက်ပွဲ၊ ပွိုင့်-၁၁၁၈ တိုက်ပွဲများဖြစ်ပြီး ရန်သူ့ထံမှအလောင်း ၁၇၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၆၆ လက်နှင့်ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်အားဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ယနေ့ ဇူလိုင်လ ၁၆ ရက်နေ့ ၁၂၀၀ နာရီချိန်ခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာသိမ်းပိုက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိအိုးအိမ်နေရာများ၊ မိမိတို့၏ စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှုဘေးမှကင်းဝေးပြီး အေးချမ်းစွာ မိမိလုပ်မှုစီးပွားဘဝအတွက် ရှာဖွေစားသောက်လုပ်ကိုင်လိုစိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တိုက်ပွဲကာလများမတိုင်မီ နိုင်ငံရေးခံယူချက်မတူညီမှုကြောင့် တပ်မတော်အား မထောက်ခံသူလူနည်းစုဖြစ်သော အရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများသည် ၎င်းတို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လက်အောက်သို့ရောက်ရှိသွားပါက အခြေခံလူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှနိမ့်ကျသွားနိုင်သည်ကို လက်တွေ့သဘောပေါက်နားလည်လာသည့်အတွက် တပ်မတော်အား စိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြပြီး မြေပြင်သတင်းရရှိမှုများအား နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လာခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နောင်ချိုမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများနေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့်အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့်လမ်းများအား မြေဖြတ်ခြင်းများပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတားအပါအဝင်အခြားလမ်း/တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းအား ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

၎င်းကဲ့သို့ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင့်တလျက်ရှိသည့် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံခိုင်မာစေရေးကို ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် တိုက်ပွဲဝင်တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား မြဝတီရုပ်မြင်သံကြားအဖွဲ့သူ၊ အဖွဲ့သားများအားလုံးက လေးစားစွာဂုဏ်ပြုပါကြောင်းနှင့် အလားတူရှေ့တန်းတိုက်ပွဲဝင် တပ်မတော်သားအရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် စသည့် စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သောယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သောတပ်မတော်သားမိသားစု ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကိုလည်း လေးစားစွာ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူစွာ သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း/အားကစားရုံများနှင့် ရေကူးကန်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းပျက်စီးမှုများ ပြုပြင်ရေးလုပ်ငန်းများ၊ လေ့ကျင့်ရေးရေကူးကန် ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Max Myanmar Co.,Ltd.မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြုပြင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မော်တော်ယာဉ်ပတ်လမ်းများတွင် မြေကျွံပျက်စီးနေမှုများ ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ လေ့ကျင့်ရေးရေကူးကန်ကြမ်းခင်းကျွံကျနေမှု၊ အုတ်နံရံပြိုကျနေမှုနှင့် ရေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန်နှင့် ရေကူးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရေကူးကန်အား



အမြန်ဆုံး ဦးစားပေးပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## တာချီလိတ်မြို့တွင် ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှမူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး ၂ ဦးအား ထိုင်းနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ-ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်



လွှာအရ မြန်မာနိုင်ငံ တာချီလိတ်မြို့တွင် ၁-၇-၂၀၂၅ ရက်နေ့က ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးအမှုဖြင့် အလိုရှိထိုင်းနိုင်ငံသား တရားခံပြေး ၂ ဦးအား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သည် မြန်မာနိုင်ငံမူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC)ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများကျူးလွန်ပြီး မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr. Techin Nowong (မစ္စတာ တီချန်းနဝန်)နှင့် Mr. Chamang Kanthawong (မစ္စတာ ချမန်ကန်ထဝန်)တို့ ၂ ဦးအား ကူညီစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ အဆိုပါအလိုရှိတရားခံပြေး ၂ ဦးအား၁-၇-၂၀၂၅ရက်နေ့တွင်တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာအရ အဆိုပါအလိုရှိတရားခံ ၂ ဦးအား နှစ်နိုင်ငံတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရဲမှူးချုပ်သန့်လွင်မောင် ဦးဆောင်သည့်အဖွဲ့မှ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ အတွင်းရေးမှူးချုပ် Pol.Lt.Gen. Phanurat Lukboon ဦးဆောင်သည့်အဖွဲ့ထံသို့ ယနေ့ နေ့လယ်ပိုင်းတွင် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန်ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေသည့်အပြင် ဒေသတွင်းမူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မြဝတီ

# ကျွန်းစုမြို့နယ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



**ကျွန်းစု ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သန္တုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇူလိုင်လ ၁၅ ရက်မွန်းလွဲပိုင်းတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက သန္တုတ်ကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များကစုပေါင်း၍ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (၄၁၂)

# စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူအမျိုးသမီးအသင်းတို့ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၁၅ ရက်တွင် လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစန်းရီက စာဖတ်ဝိုင်းပြုလုပ်ရခြင်းသည် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာဖတ်သူအချင်းချင်း အသိပညာများဖလှယ်နိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းကို ဆက်လက်ပြုလုပ်ရာ စာပေချစ်မြတ်နိုးသူ အမျိုးသမီးအသင်းအဖွဲ့ဝင်များက တာဝန်သိစိတ် တာဝန်ယူစိတ် စာအုပ်ပါ စာရေးဆရာ ဦးစန္ဒိမာ(စလင်း) ရေးသားသည့် တာဝန်ယူခြင်းအလှတရားခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။ (၄၁၃)

# တောင်ကြီးမြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားကွင်း၌ ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်းက ကျန်းမာကြံ့ခိုင်သော ကာယ၊ ဉာဏ လုပ်သားကောင်းများ၊ အားကစားထူးချွန်သော နိုင်ငံတော်ကိုယ်စားပြုမျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ ကျောင်းတွင်းအားကစားပြိုင်ပွဲမှတစ်ဆင့် မြို့နယ်ကိုယ်စားပြု၊ ခရိုင်၊ ပြည်နယ်အဆင့် လက်ရွေးစင်ကစားသမားမှ နိုင်ငံ့လက်ရွေးစင်ကစားသမားများအဖြစ် ပေါ်ထွန်းလာစေရန်၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်မှုရှိစေရန်နှင့် အားကစားကိုချစ်ခင်မြတ်နိုးတတ်စေရန်၊ နိုင်ငံသားကောင်းများ၏ကောင်းမြတ်သောအရည်အသွေးကောင်းများရရှိလာစေရန်၊ ဘောလုံးကစားနည်းကို ပိုမိုသိရှိနားလည်၍ အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်စေရန်အတွက် ပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အာရှမြန်မာသီချင်းဖြင့် Fitness Exercise သရုပ်ပြပြီး အခြေခံပညာကျောင်းများမှ ကျောင်းသူများက အခြေခံအေရိုးဗစ် ၅၃ ကွက်ကို သရုပ်ပြကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက်မှ ၂၅ ရက်အထိ အခြေခံပညာကျောင်းပေါင်းစုံ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၂၅ သင်းတို့က ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

# ညောင်ဦးမြို့နယ်၌ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိ

**ညောင်ဦး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ကျေးရွာများတွင် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်ကာ မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ မွေးမြူသူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ညောင်ဦးမြို့နယ် အညာကျေးလက်ဒေသတွေမှာ တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူတွေ အောင်မြင်ဖြစ်ထွန်းကြတယ်။ ဝက်မွေးမြူရေးလုပ်ငန်းမှာ အသားတိုးဝက်မွေးမြူရေးလုပ်ငန်းထက် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းက ပိုပြီးအဆင်ပြေတယ်။ ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းက တစ်နှစ်ကို သုံးကြိမ်ပေါက်ပွားတယ်။ အဲဒီလိုပေါက်ပွားတဲ့အတွက် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းကို တောင်သူတွေက အားထားမွေးမြူလုပ်ကိုင်လာကြတယ်" ဟု ညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာမှ တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်၌ မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကြွေလွင့်ခဲ့ပြီ ဖြေမဆည်

❖ ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်တည့်
ဖြိုင်ဖြိုင်သွန်းဖြိုး၊ ရွာသည့်မိုးတွင်
ဆိုးညစ်မိစ္ဆာ၊ မသမာ၏
ယုတ်မာအကြံ၊ မကောင်းဉာဏ်ကြောင့်
လုပ်ကြံခံရ၊ သက်ဆုံးကြသည့်
မြန်မာ့သာကီ အာဇာနည်။
ကြွေလွင့်ခဲ့ပြီ ဖြေမဆည်။

❖ ရဟန်းရှင်လူ၊ များပြည်သူတို့
ယူကျုံးမရ၊ ပူလုံးကြွလျက်
သောကမျက်ရည်၊ ဖြေမဆည်နိုင်
ရီဝေမှျော်မှန်း၊ အစဉ်လွမ်းကာ
တမ်းတနေ့စဉ် ခါခါပင်။
နွမ်းလျမရှင် စိတ်ဘဝင်။

❖ ဩော်...
တစ်နေ့မကာ၊ မေ့မရလည်း
မြန်မာ့သာကီ၊ အာဇာနည်တို့
ထက်ဆီဘုံဖျား၊ ရောက်စေသားဟု
များလှကောင်းမှု၊ ပေါင်းကာစု၍
သာဓုခေါ်စေ အမျှဝေသည်
ရောက်လေကြားစေ ရရှိစေတည်း။ ။

**မောင်မောင်အေး(ဘိုကလေး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၂၅ (ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၇။ | ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၈။ | ၁၉:၀၀ | **ရုပ်မြင်သံကြား ဇာတ်လမ်း မြန်မာမော်ကွန်း (အပိုင်း-၂) သရုပ်ဆောင်-နေယံ၊ သင်းသင်းယုလှိုင် ဒါရိုက်တာ- စင်ရော်မောင်မောင်** |
| ၃။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | | | |
| ၄။ | ၁၁:၀၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ | | | |
| ၅။ | ၁၂:၀၀ | မြန်မာသံစဉ် ချိုနှားဝင် | | | |
| ၆။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး | | | |

## MWD Variety Channel

၁၇-၇-၂၀၂၅ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၄ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၄၃ | ဖန်တီးသူတို့ အနုပညာ |
| ၃။ | ၁၂:၁၈ | Variety Choice |
| ၄။ | ၁၆:၀၃ | ကဗျာအလှ ရသလွင်ပြင် |
| ၅။ | ၂၂:၁၆ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နေမှုနှင့်စပ်လျဉ်း၍ လေသန့်စင်အလုပ်ရုံ စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ရုရှားပညာရှင်များမှ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ သံမြေမှ Romelt နည်းပညာဖြင့် သံစိမ်းများထုတ်လုပ်နိုင်ရေးအတွက် National University of Science and Technology (MiSiS) မှ နည်းပညာဆိုင်ရာ ပံ့ပိုးပေးရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဖြေရှင်းသဘောတူညီချက်စာချုပ်အား TPE ကုမ္ပဏီလီမိတက်မှ သဘောတူလက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် TPE ကုမ္ပဏီလီမိတက်နှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နေမှု၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံလုံး၏ အရေးကြီးသော စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်စွာ ဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak၊ တတိယ အတွင်းဝန် Mr. Vladislav Zaitaev၊ သံအရာရှိ Ms. Anastasia Solovieva တို့တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မိုင်းဆတ်မြို့နယ်နှင့်မိုင်းတုံမြို့နယ်တို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများအား မြို့နယ်အသီးသီး၌ ဖွင့်လှစ်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်များတွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဇူလိုင်လ ၁၄ ရက်တွင်တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး အပါအဝင် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းသို့သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားနေမှု၊ လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၅ ရက်နေ့တွင် မိုင်းတုံမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းသို့ သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားနေမှု၊ လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ဒိုင်းဆုရရှိသောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းမြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း (အမျိုးသား/အမျိုးသမီး) ၇ သင်းဖြင့် ဇူလိုင်လ ၈ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗထူးတပ်နယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှ ဒိုင်းဆုရရှိကြောင်း သိရသည်။

တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ဗန်တိုအတိုက်(ခ)တန်း (အမျိုးသား) ၄၉-၅၃ ကီလိုတန်း၊ ပန်ကြပ်ဆီလပ်အတိုက် (အမျိုးသမီး)၄၅-၅၀ ကီလိုတန်းနှင့် ဓါးတစ်လက်အတိုက်(အမျိုးသား) ၄၅-၅၀ ကီလိုတန်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ဗထူးတပ်နယ်အမျိုးသားအသင်းနှင့်အမျိုးသမီးအသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၆-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

☆ **ရှေ့ဖုံးမှအဆက်**

အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်၌ အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီ ကူညီပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများတွင်လည်း ဆက်လက်ကူညီပေးသွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပသွားမည်ဖြစ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး)တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဟိုတယ်များအနေဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးကိုပါ အထူးအလေးထားဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၆**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဟိုတယ်ဇုန်(၂)အတွင်းရှိ ဟိုတယ်များ မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ဟိုတယ်များ၏ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေ၊ အပြာရောင်အဆင့်ရှိ အဆောက်အအုံများကို မွမ်းမံပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ထိခိုက်ပျက်စီးမှုမရှိသည့် အဆောက်အအုံ၊ အခန်းများ၌ ခရီးသည်များလာရောက်တည်းခိုနေထိုင်နိုင်အောင် ဖွင့်လှစ်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းများလည်ပတ် ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံရေးဆောင်ရွက်ကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သော်လည်း လူနေထိုင်နိုင်သည့် (အပြာရောင်အဆင့်သတ်မှတ်ထားသည့်) အခန်းများနှင့် ခန်းမများကို အသိအမှတ်ပြု အင်ဂျင်နီယာအဖွဲ့များဖြင့် စနစ်တကျပြုပြင်မွမ်းမံ၍ ဧည့်သည်များပိုမိုလက်ခံနိုင်ရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးကိုပါ အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူ ကံ့ကော်တောဘုရားအား သွားရောက်ဖူးမြော်ကာပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြကာ ဂုံးချိန်ကျေးရွာရှိ၁၃၅ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်း (Power China) ကုမ္ပဏီသို့ သွားရောက်ပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဂုံးချိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကျောက်ဖြူခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေများကိုပေးအပ်၍ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျောက်ဖြူမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ်၊ သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့်အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇူလိုင်လ ၈ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၇-၂၀၂၅

| | | | | |
|---|---|---|---|---|
| မိုင်းဆတ် | ၃ | ဒသမ | ၈၆ | လက်မ |
| သထုံ | ၂ | ဒသမ | ၆၀ | လက်မ |
| ဖောင်းပြင် | ၂ | ဒသမ | ၂၈ | လက်မ |
| လှည်းကူး | ၁ | ဒသမ | ၈၉ | လက်မ |
| ဘီးလင်း | ၁ | ဒသမ | ၈၉ | လက်မ |
| ရွှေကျင် | ၁ | ဒသမ | ၈၆ | လက်မ |
| လင်းခေး | ၁ | ဒသမ | ၅၀ | လက်မ |
| ပေါင် | ၁ | ဒသမ | ၄၅ | လက်မ |
| တပ်ကုန်း | ၁ | ဒသမ | ၄၂ | လက်မ |
| ဟုမ္မလင်း | ၁ | ဒသမ | ၄၂ | လက်မ |
| ဖျာပုံ | ၁ | ဒသမ | ၃၄ | လက်မ |

# တပ်ကုန်းမြို့နယ် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဇူလိုင် ၁၆

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့သို့ သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအဖြစ် မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အမျိုးသမီးများအား အခြေခံစက်ချုပ်နည်းပညာသင်တန်း ပို့ချသင်ကြားပေးနေမှုကိုလည်းကောင်း၊ ရေတွင်းဖြူကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးမှ မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်း(၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျထုတ်ပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် မကျီးပင် ညောင်ပင်သာကျောင်းတိုက်သို့ သွားရောက်၍ကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကာ သဘာဝဘေးဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာ ရှင်းလင်းဆောင်၌ သဘာဝဘေးဒဏ်သင့်ကျေးရွာများဖြစ်သည့် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးအား MRTV DTH စလောင်းနှင့် DVB–T2 Set Top Box တို့ကိုပေးအပ်ပြီး ကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့က မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့အတွက် MRTV DTHစလောင်း၊ DVB–T2 Set Top Box နှင့် ကျေးရွာစာကြည့်တိုက်တို့အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာအတွင်းရှိရေဘေးသင့်ပြည်သူများနေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေနှင့် MRTV DVB–T2 Set Top Box တို့ကို ဘုရားဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ ဘမ်ဘူးဝါးထုတ်ကုန် သမဝါယမအသင်းလီမိတက်ရှိ ဝါးသင်တန်းခန်းမ၌ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံ၍ ဝါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**နှင့် **မျိုးဆက်သစ်ဝံသာနုပါတီ**တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

**ပြည်သူ့အင်အားဒီမိုကရေစီပါတီ [People Power For Democracy Party (PPD)]**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ **လီရှော အမျိုးသားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃၀/၂၀၂၅) ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကိုကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ (ဂ) ဖြင့် ငြင်းပယ်လိုက်ရာ ယနေ့အထိ နိုင်ငံရေးပါတီ ၂၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီ ၅ ပါတီကို ငြင်းပယ်ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၆

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee – DEDC) ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ–၁ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Road–map 2030) ပါလုပ်ငန်းစဉ်များကိုသက်ဆိုင်ရာကဏ္ဍများအလိုက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများက ပွင့်လင်းစွာ ဆွေးနွေးအကြံပြုပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို အကျိုးပြုနိုင်ရန်အတွက် ရည်မှန်းထားသည့်ကာလအတွင်း မျှော်မှန်းထားသည့်ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ကော်မတီအဖွဲ့ဝင်များအနေနှင့် တက်ကြွသောဦးဆောင်မှုအခန်းကဏ္ဍမှ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ –၂ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်က ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်မှုစသည့် ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးတိုးတက်ရန်အတွက်ဖွဲ့စည်းခဲ့ကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် လမ်းပြမြေပုံပါလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် စိတ်ပါဝင်စားစွာ ဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက ပထမအကြိမ်အစည်းအဝေး (၁/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးတင်ပြသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့ဝင်ပညာရှင်များနှင့် တာဝန်ရှိသူများက ဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ–၁နှင့်ဥက္ကဋ္ဌ–၂တို့က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence)



Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence).

NAY PYI TAW July 16

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence), at the palour of Bayintnaung Villa here this afternoon.

Also present at the call together with the Vice-Senior General were General Ye Win Oo and senior military officers from the Office of the Commander-in-Chief (Army). The Indian Vice Chief of Staff (Intelligence) was accompanied by Indian Military Attache in Myanmar Colonel Jaswinder Singh Gill and officials of the Indian Armed Forces.

At the call cordial discussions were centred on further promotion of ongoing friendship and cooperation between the two countries and the two Armed Forces, timely arrival of Indian rescue teams and humanitarian aid soon after the Mandalay earthquake jolted, and provision of assistance for rehabilitation, joint operations for peace, stability, rule of law, security and development at the common border, and holding a free and fair multiparty democracy general election in Myanmar with merit.

After the call Vice-Senior General Soe Win and Lieutenant General Shrinjay Pratap Singh exchanged commemorative gifts and posed for documentary photos with the attendees. **100**

## Farmers plant more than 1,000 acres of groundnut in ChaungU Township

CHAUNGU July 16

According to the agricultural data of the ChaungU Township Agriculture Department of Sagaing Region, local farmers have planted more than 1,000 acres of groundnut in the township this monsoon.

During the 2025-2026 monsoon cropping season, it has been planned to cultivate 9,800 acres of groundnut in ChaungU Township. Cultivation began in May this year, and as of today, a total of 1,920 acres have already been sown.

"The plan for this year's monsoon season in ChaungU Township is to grow over 9,000 acres of groundnut. So far, more than 1,000 acres have already been cultivated. Efforts are being made to reach the full targeted acreage. As an oil crop, groundnut cultivation is currently in a successful state, and the area planted is increasing year by year," said U Tint Swe, Head of the Township Agriculture Department.

In ChaungU Township, about one and a half baskets of seeds are sown per acre for groundnut cultivation. The total cost per acre, including seed expenses, labor wages, fertilizers, and pesticide costs, is over Ks-200,000. An acre can yield more than 50 baskets.

This year, staff members from the Township Agriculture Department made field trips to inspect the groundnut plantations to ensure successful crop production, prevent pest and disease outbreaks. **SK**

## Myaung Township grows more than 5,000 acres of pigeon peas in monsoon

MYAUNG July 16

Farmers have grown more than 5,000 acres of pigeon peas as monsoon crops in Myaung Township of Sagaing Region this year, according to the data of the Township Agriculture Department.

During the 2025-2026 monsoon crop season, local authorities earmarked to cultivate 10,001 acres of pigeon pea in Myaung Township. Cultivation began in May of this year, and as of today, local farmers have planted 5,129 acres of crops against the target cultivation.

"This monsoon season, over 10,000 acres of pigeon pea are targeted for cultivation in Myaung Township. So far, over 5,000 acres have been cultivated. Planting is still ongoing to meet the target acreage. Efforts are being made to ensure the full targeted acreage is cultivated. Measures are also being taken to improve yields. Pigeon pea is being grown both as a separate crop and as an intercrop," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, the Myaung Township Department of Agriculture has been providing technical support to pigeon pea farmers, including guidance on selecting quality seeds, using proper planting methods, pest prevention, and ensuring high yields through field-level education.

**SMK**

# Over 1,000 acres of maize and sweet corns planted in Shwebo Township this year



SHWEBO July 16

Local farmers have planted more than 1,000 acres of maize and sweet corns as monsoon crops in Shwebo Township of Sagaing Region this monsoon, according to the township agriculture department.

During the 2025–2026 monsoon cropping season, in Shwebo Township, it is planned to cultivate a total of 2,841 acres—comprising 400 acres of maize and 2,441 acres of sweet corns. Cultivation began in June of this year, and as of today, 201 acres of maize and 1,104 acres of sweet corns have been planted, totalling 1,305 acres.

"The plan for this year's monsoon cropping season in Shwebo Township is to cultivate over 2,800 acres of maize and sweet corns. So far, more than 1,000 acres have already been planted. Efforts are ongoing to meet the planned acreage. To ensure success in growing these maize crops, we are providing educational outreach, and carrying out activities to prevent pest and disease outbreaks," said U Hsan Oo, head of the Shwebo Township Agriculture Department.

This year, the Shwebo Township Agriculture Department has been offering training programmes, organizing demonstration field events, conducting preventative measures against corn borers, and promoting integrated pest management techniques.

These include the use of neem-based pesticides, along with providing technical knowledge on cultivation practices.

In Shwebo Township, the expected yield is over 50 baskets per acre. Farmers need to cost Ks-500,000 per acre of maize.

For sweet corn, the expected yield is 15,000 cobs per acre, with the cultivation cost exceeding Ks-500,000.

**SMK**

# Monywa Township finishes cultivation of over 3,000 acres of green gram this monsoon



MONYWA July 16

Monywa Township Agriculture Department of Sagaing Region stated that more than 3,000 acres of green gram has been planted in the township this monsoon.

In the 2025-2026 monsoon crop season, it is planned to cultivate 10,300 acres of green gram in Monywa Township. Cultivation began in May of this year, and as of today, a total of 3,195 acres have already been planted.

"For this monsoon crop season, more than 10,000 acres of green gram are planned to be cultivated in Monywa Township. As of today, over 3,000 acres have already been planted. Efforts are being made to meet the targeted acreage. Awareness campaigns are also being conducted regarding the expansion of green gram cultivation, including the use of quality and pure seeds to achieve good yields," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture is providing education and support to green gram farmers on topics such as the use of high-quality and region-appropriate pure seeds, correct planting methods, pest prevention, proper use of fertilizers, and techniques to ensure high yields.

During this year's monsoon season, in order to ensure both high yield and good quality of various types of pulses, the department is collaborating with farmers to provide necessary support such as quality seeds, agricultural inputs, and post-harvest technologies. **SK**

# Businesspersons sell 65,000 baskets of Theehtetyin paddy to Yangon market

ZALUN July 16

"Local merchants from Zalun Township of Ayeyawady Region supplied 65,000 baskets of Theehtetyin paddy to Yangon market" said Daw Ei Ei Tun, the owner of rice and paddy trading wholesale centre in Zalun Township.

"In the past month alone, up to 65,000 baskets of Theehtetyin paddy have been transported and sold to the Yangon market. Zalun Township is one of the main suppliers of paddy and other agricultural products to the Yangon market. The Theehtetyin variety belongs to the non-premium grain group. The reason for the increased transport is due to high demand from buyers in Yangon. Currently, paddy prices are also high, and there is a strong demand in the domestic rice and paddy markets," said Daw Ei Ei Tun.

The Theehtetyin paddy variety sold from Zalun to the Yangon market over the past month was fetching prices of up to Ks-1,545,000 per 100 baskets. As sales improve, farmers, traders, cargo workers, and truck rental operators are gaining more job opportunities.

**SK**

# Over 1,000 acres of vegetables planted in Wetlet Township

WETLET July 16

According to the statistics of Wetlet Township Agriculture Department, local farmers have so far planted more than 1,000 acres of vegetables in Wetlet Township of Sagaing Region this monsoon.


During the 2025–2026 monsoon crop season, a total of 4,225 acres of vegetables are planned to be cultivated in Wetlet Township. According to reports, the planting of these vegetables began in May this year, and as of today, 1,288 acres have already been cultivated.

"This year, more than 4,000 acres of vegetables are earmarked to be cultivated in Wetlet Township during the monsoon crop season. So far, over 1,000 acres have already been planted. Efforts are being made to reach the targeted acreage. The vegetables being cultivated include roselle, chilli, culinary herbs, potatoes, cauliflower, cabbage, Chinese cabbage, and eggplants. Farmers are being provided with technical support to ensure all vegetables are grown using the GAP (Good Agricultural Practices) system. They are also being trained to grow vegetables in ways that minimize chemical residue and are aligned with health standards," said Daw Kyin San, the Head of the Township Department of Agriculture in Wetlet.

This year, the Wetlet Township Department of Agriculture has been providing farmers with GAP-based agricultural training, technical assistance to ensure the harvested vegetables are safe and healthy, and support to expand vegetable cultivation.

Seasonal vegetables are cultivated annually in Wetlet Township, and the crops have been successful in improving household income. In addition, the Department of Agriculture is also raising awareness among farmers on proper cultivation practices, pest control, use of natural fertilizers, and the preparation and use of natural pesticides and repellents.

**SMK**

Arms, ammunition and accessories seized from enemy.

►► From Page - 21

superior forces, led to a gradual tactical retreat. They then joined forces with local military units in the Taungkham and PyinOoLwin regions, and continued to mount a defensive operation in the areas bordering Taungkham and the PyinOoLwin-Nawnghkio region to repel the terrorist attacks.

Starting from 10 August 2024, TNLA groups, along with terrorist groups operating under the names MDY-PDF and Danu PDF, who had temporarily taken control of Nawnghkio and intensified their military activities, began launching large-scale attacks on Tatmadaw columns and bases. They occupied villages, schools, and monasteries near the Taungkham area, using local villagers as human shields to launch full-force assaults. In response, government forces were strategically deployed in key locations and prepared defensive positions, making it difficult for the enemy to advance directly. Unable to penetrate easily, the attackers used drones and heavy weapons to target battalion headquarters and Tatmadaw bases. They split into small units to carry out sudden attacks, blocked major administrative and logistical routes such as the Nawnglin-Mepauk-Zaykone road and the Narsho-Zaykone junction, and infiltrated the Yapyin-Inpho-Taungshay route to cut off and attack Taungkham village areas. They also launched assaults on military bases via the Nawnglin-Mepauk-Makyeeyay road. At the same time, they expanded their attacks to areas along the PyinOoLwin-Nawnghkio highway—specifically in Kyaukkyan, Ummakha, Yemaungtan, Ummathi, and Banbwe—as well as along the PyinOoLwin-Mogok road, reaching as far as Hokho, Thanbo, and Kyaukmelay.

As a result of these attacks, the Tatmadaw quickly deployed Commando units, reinforcement columns, and necessary logistic measures to the Taungkham area. These efforts were supported by coordinated airstrikes and artillery fire, with ground and aerial operations working in close coordination based on ground intelligence. Beginning on 25 August 2024, counter-terrorism operations were launched to reclaim areas under terrorist control. Step-by-step counteroffensives were carried out, and by 28 February 2025, the administrative routes connecting Makyeeyay to Taungkham were successfully regained. Similarly, through counterattacks, control was also reestablished over the area near Thanbo Village from the Kyaukmelay region and the Gangaw–Ummathi junction from the Banbwe area.

The Tatmadaw has successfully crushed the morale of the TNLA and the so-called PDF terrorist groups, gaining full support from the local populace. As a result, Tatmadaw troops, officers, and soldiers, fueled by high morale and fierce combat spirit, have carried out strategic ground and air operations to systematically attack and destroy the temporary defensive positions of the terrorist insurgents. They launched aggressive assaults under the motto "Brave Advance, Brave Attack, Brave Crush" to retake Nawnghkio Town, achieving success in multiple areas. On July 8, 2025, Tatmadaw forces regained control of the area around Namhsaung Hu along the Taungkham-Kangyi-Nawnghkio route. Subsequently, on July 12, they secured the area near Gokhteik along the Taungkham-Shwethun-Gokhteik-Nawnghkio route. Earlier, on June 25, the PyinOoLwin-Nawnghkio Union Highway section from Ommathee junction to Ommakhar village was retaken. Finally, on July 15, the Kyaukkyan area was successfully brought under Tatmadaw control.

Advancing step-by-step, Tatmadaw columns dug trenches and engaged in fierce combat to fully recapture Nawnghkio Town and its surroundings. Over 11 months of operations, they fought 20 major battles and 566 skirmishes against terrorist insurgents. Among the most significant clashes were the Ngone Min Zedi Battle, Point (1130) Battle, Zetawun Phayagone Battle, Magyi Yay Monastery Battle, Htone Bo Su Village Battle, Kambawza Monastery Battle, Nar Sho Village Battle, Shwe San Phaw Monastery Battle, Setaungpyae Pagoda Hill Battle, Man Maw Village Battle, Taung Shay Village Battle, Kyaukkyan Battle, Namhsaung Hu Battle, Myet Chin Nu Battle, Shwe Pyi Nyunt Battle, Shwethun Battle, Kone San Battle, Gokhteik Battle, and the Point-1118 Battle. The enemy suffered heavy losses, with 171 bodies recovered and 166 weapons seized. Unable to withstand the Tatmadaw's relentless counteroffensives, the terrorists fled in disarray after sustaining severe casualties. By today, July 16, at around 12:00 noon, the Tatmadaw has fully secured Nawnghkio Town, fulfilling the local ethnic people's desire to return to their homes, live in peace, and rebuild their socioeconomic lives free from the threats of terrorist violence.

Prior to the conflict, some civilians who had opposed the Tatmadaw due to political differences—as well as displaced locals—realized that falling under TNLA and PDF control would lead to human rights abuses and socio-economic decline. As a result, they actively supported the Tatmadaw, providing intelligence and cooperating on the ground.

During their temporary occupation of Nawnghkio, TNLA and PDF terrorists fortified religious buildings, schools, government offices, hospitals, and homes to attack Tatmadaw troops. They also used civilians' homes as defensive shields, looted valuables and supplies, destroyed public roads, and planted mines on critical infrastructure like the Goktwin Bridge.

The Tatmadaw is now prioritizing the safe return of displaced civilians, the swift restoration of government administration, and mine clearance in compliance with the Geneva Convention. Additionally, they are working alongside locals to rebuild schools, hospitals, government buildings, religious structures, and homes damaged by the terrorists.

Myawady TV proudly honors the Tatmadaw officers, other ranks, and soldiers who bravely fought to ensure regional security and the socio-economic stability desired by the people. Similarly, we proudly announce our deepest respect and gratitude to all the military family members—those steadfast supporters who have unwaveringly provided front-line Tatmadaw officers, other ranks, and soldiers with vital assistance, including morale-boosting victory spirit and combat motivation, as well as all those who have steadfastly supported the Tatmadaw.

**100**

# Wheat from Shan State fetching good prices in Mandalay market

MANDALAY July 16

Wheat produced from Shan State flows into Mandalay market, fetching good prices, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Centre).

Quality wheat from Shan State enters Mandalay Region again. Demand is high in Mandalay market to purchase wheat, he added.

"Wheat which flowed into Mandalay market is high demand from merchants of Mandalay market, Taunggyi and other cities. So, trading of wheat is booming again in Mandalay," he continued.

Merchants from various townships and abroad offer to purchase wheat from Shan State in Mandalay market. **SK**

# Nawnghkio under control of Tatmadaw military columns

NAY PYI TAW July 16

The town Nawnghkio is located at an altitude of 2,759 feet, in Kyaukme District of Shan State (North), sharing border with Thabeikkyin Township and Mogok Township in the north, Kyaukme Township in the east, Yaksawk Township in the south and PyinOoLwin Township in the west. It is a city with good transportation connectivity, linked to Mandalay, PyinOoLwin, Kyaukme, Hsipaw, and Lashio via the Mandalay-Lashio Highway and railway sections, and also to Taunggyi via Union Highway No. 43. Moreover, the Mandalay-Muse Highway (Asian Highway No. 14), which is the main trade route of the China-Myanmar border economy, passes through Nawnghkio Township from west to east. Through PyinOoLwin and Mandalay, the city is connected to other towns and cities across Myanmar, as well as to towns in Shan State (North) via Kyaukme.

Nawnghkio Township is home to a majority population of Shan, Danu, and Bamar ethnic groups, who predominantly practise Buddhism and live peacefully and happily in accordance with religious teachings. Agriculture is the primary economic activity of Nawnghkio, while livestock breeding, mining, manufacturing, service industries, tourism, transportation, and trade are also carried out. With its waterfalls, limestone caves, scenic mountain landscapes, diverse ethnic communities, and numerous historical sites, Nawnghkio Township has seen development in the tourism sector, supported by good transportation infrastructure and a growing number of visitors. As a result, the social and economic life of local residents has improved, making it a peaceful and prosperous town.

Despite being a peaceful and rapidly developing town, Nawnghkio came under violent attack starting from 25 June 2024, when members of the TNLA and PDF terrorist groups launched large-scale assaults on Tatmadaw units and headquarters, departments, and security posts stationed in the town. They set fire to and destroyed local residences, forcibly looted civilian property, and attempted to dismantle the governmental administrative system. As a result of these actions, local people—including students, children, and the elderly—faced extreme danger and were forced to flee their homes, leaving behind their dwellings, belongings, and property to seek refuge in nearby towns and villages or temporary displacement camps with their relatives.

Due to the overwhelming and sudden attacks, the officers, other ranks, and Tatmadaw columns stationed in Nawnghkio bravely and fiercely defended their battalions, headquarters, and the town itself, risking their lives to prevent them from falling into enemy hands. Despite their courageous resistance, the increasing number of casualties and injuries, along with the enemy's vastly

See Page - 20►►



Tatmadawmen guarding the People's Hospital in Nawnghkio.



Tatmadawmen liberate the Nant-hsuang-hu Monastery.



Tatmadawmen patrolling near TV retransmission station after liberating Nawnghkio.



Tatmadawmen regain control of Myanmar Economic Bank in Nawnghkio.`

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အင်အားပြင်းမုန်တိုင်းဒဏ်များကိုပင်ခံနိုင်စွမ်းရှိတဲ့ ကမ္ဘာ့အကြီးဆုံးရေပေါ်လေတာဘိုင်



ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားကို ထုတ်ယူရရှိနိုင်ဖို့အတွက် ပညာရှင်များက နည်းလမ်းအမျိုးမျိုးသုံးပြီး ကြိုးပမ်းလာနေကြတာပါ။ ပြည့်ဖြိုးမြဲစွမ်းအင်တွေထဲမှာ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင် အစရှိသဖြင့်ပါဝင်ပါတယ်။ လက်ရှိအသုံးပြုမှုအများဆုံး ပြည့်ဖြိုးမြဲစွမ်းအင်က နေရောင်ခြည်စွမ်းအင်နဲ့ ရေစွမ်းအင်ပါ။ လေစွမ်းအင်ကိုတော့ အတိုင်းအတာတစ်ခုအထိသာ အသုံးပြုနိုင်ပါသေးတယ်။

လေစွမ်းအင်ကို အများဆုံးရယူနိုင်တဲ့နေရာတွေက ကွင်းပြင်ကျယ်လိုနေရာမျိုးတွေ၊ လေတိုက်နှုန်းမြင့်မားတဲ့ ပင်လယ်ပြင်လိုနေရာမျိုးတွေဖြစ်ပါတယ်။ ကွင်းပြင်ကျယ်လိုနေရာမျိုးက ရံဖန်ရံခါ လေတိုက်ခတ်မှုနည်းပါးနိုင်ပါတယ်။ ပင်လယ်ပြင်ထဲမှာကျတော့လည်း ကုန်ကျစရိတ်က အင်မတန်များပြားပါတယ်။ တကယ်လို့များ ပင်လယ်ပြင်ထဲမှာ ကုန်ကျစရိတ်နည်းပါးတဲ့ လေတာဘိုင်ကိုထားနိုင်မယ်ဆိုရင် ဒါဟာ ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုအတွက် ခုန်ပျံကျော်လွှားမှုကြီးတစ်ခုဖြစ်လာမှာ အသေအချာပါပဲ။

ဒီလိုခုန်ပျံကျော်လွှားမှုကြီးကိုလုပ်ဆောင်လိုက်သူက တရုတ်နိုင်ငံပါပဲ။ တရုတ်နိုင်ငံမှသိပ္ပံပညာရှင်များဟာ ကမ္ဘာ့စွမ်းအားအမြင့်ဆုံးနဲ့ အကြီးဆုံးသော လေတာဘိုင်ကြီးကို ဖန်တီးလိုက်ပါတယ်။ အဲဒီတာဘိုင်ကြီးက သမားရိုးကျအတိုင်း ပင်လယ်ပြင်ထဲက ရေအောက်ထဲမှာ စိုက်ထားတာမျိုးမဟုတ်ပါဘူး။ ရေပေါ်အမျိုးအစားဖြစ်ပါတယ်။ ထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ဓာတ်အားက ၁၇ မဂ္ဂါဝပ်ဖြစ်ပြီး တရုတ်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းစုများဖြစ်တဲ့ China Huaneng Group နဲ့ Dongfang Electric Corporation တို့က ပူးပေါင်းတည်ဆောက်ထားတာဖြစ်ပါတယ်။

အဲဒီလေတာဘိုင်ကြီးက အရွယ်အစားအားဖြင့် ကြီးမားရုံသာမကဘဲ ထုထည်အားဖြင့်လည်း အလွန်ကြီးမားပါတယ်။ သူ့ရဲ့အမြင့်က ၄၉၈ ပေရှိတာဖြစ်တဲ့အတွက် အထပ် ၅၀ ရှိတဲ့တိုက်တစ်လုံးလောက်ကိုကြီးမားပါတယ်။ ပန်ကာဒလက်ရဲ့အရွယ်အစားမှာ ၈၅၉ ပေရှိတာကြောင့် သူ့အတွက်လိုအပ်တဲ့နေရာအကျယ်က စတုရန်းမီတာ ၅၃၀၀၀ ဝန်းကျင်ရှိပါတယ်၊ ဒါဟာ ဘောလုံးကွင်းကြီး ခုနစ်ကွင်းခွဲလောက်ရှိတာဖြစ်ပါတယ်။

ဒီလိုကြီးမားလှတဲ့အတွက် လေတာဘိုင်တစ်ခုတည်းကနေပဲ ထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ဓာတ်အားပမာဏက တစ်နှစ်ကို ကီလိုဝပ်နာရီသန်းပေါင်း ၆၈ သန်းရှိပါတယ်။ ဒါဟာအိမ်ခြေပေါင်း ၄၀၀၀၀ ကို စွမ်းအင်ပေးနိုင်တဲ့အထိဖြစ်ပါတယ်။ သူ့ကို ကွမ်တုံပြည်နယ်မှာ လက်တွေ့စမ်းသပ်မှုနဲ့ နေရာချထားမှုတွေလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ရေပေါ်လေတာဘိုင်ဖြစ်တဲ့အတွက် သူ့ရဲ့လိုအပ်ချက်က အင်မတန်မြင့်မားပါတယ်။ အဓိကအားဖြင့် အကြမ်းခံနိုင်စွမ်းရှိမှုမှာဖြစ်ပါတယ်။ ပင်လယ်ပြင်ထဲမှာချထားမှာဖြစ်တဲ့အတွက် အရင်ဆုံးရင်ဆိုင်ရမှာက လှိုင်းကြီးမှုပါ။ တရုတ်ပညာရှင်များက အမြင့် ၇၈ ပေအထိရှိတဲ့ လှိုင်းများကိုပင် ခံနိုင်စွမ်းရှိစေအောင် လေတာဘိုင်ကို ဖန်တီးထားတယ်လို့ဆိုပါတယ်။ ဒါ့အပြင် အဆင့် ၁၇ လောက်အထိရှိတဲ့ မုန်တိုင်းအဆင့် လေတိုက်နှုန်းကိုလည်း ကောင်းစွာခံနိုင်စွမ်းရှိတာဖြစ်ပါတယ်။

သူ့ရဲ့နောက်ထပ်ထူးခြားချက်က လှိုင်းကြီးလေကြီးမှုကြောင့် ရေပေါ်လေတာဘိုင်က စောင်းသွားတယ်ဆိုရင်တောင် လျှပ်စစ်စွမ်းအင်ကိုပုံမှန်အတိုင်း ထုတ်လုပ်ပေးနိုင်စေမှာဖြစ်တဲ့အတွက် အင်မတန်ခေတ်ရှေ့ပြေးတဲ့ စနစ်ကြီးတစ်ခုဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အလိုအလျောက်မီးသတ်စနစ်ပါ တစ်ပါတည်းပါဝင်လာတဲ့ လီသီယံဘက်ထရီ




လီသီယံအိုင်းယွန်းဘက်ထရီများဟာ စွမ်းအင်သိုလှောင်မှုအတွက် အာမခံချက်ရှိတဲ့ ဘက်ထရီတွေဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ထက်ပိုပြီး စွမ်းအင်သိုလှောင်နိုင်စွမ်းပိုများတာက လီသီယံသတ္တုဘက်ထရီပါ။ သူက လီသီယံအိုင်းယွန်းထက် စွမ်းအင်ပမာဏ ၁၀ ပိုများပါတယ်။ ဒါကြောင့်လည်း သူ့ကို လျှပ်စစ်စွမ်းအင်သုံးယာဉ်တွေ၊ ဆေးဘက်ဆိုင်ရာပစ္စည်းတွေနဲ့ အလွယ်တကူသယ်ဆောင်သွားနိုင်တဲ့ လျှပ်စစ်ပစ္စည်းတွေအတွက် သိပ်ကိုကောင်းမွန်လှတဲ့ ရွေးချယ်မှုတစ်ခုဖြစ်လာတာတွေ့ရပါတယ်။

အဲဒီဘက်ထရီတွေက စွမ်းအင်သိုလှောင်နိုင်မှုပမာဏမြင့်မားတယ်ဆိုပေမယ့် တစ်ဖက်မှာလည်း မီးလောင်နိုင်စွမ်းကအလွန်မြင့်မားလှတာကိုတွေ့ရပါတယ်။ အကြောင်းရင်းကတော့ အပူလွန်ကဲမှုနဲ့အတူ ပေါက်ကွဲနိုင်မှုကြောင့်ပါပဲ။ ဒီလိုမျိုးဖြစ်ရတာဟာ သူ့မှာပေါင်းစပ်ထည့်သွင်းထားတဲ့ ကုန်ကြမ်းပစ္စည်းများကြောင့်ဖြစ်ပါတယ်။

အခုတော့ တရုတ်သိပ္ပံအကယ်ဒမီ ဓာတုဗေဒဌာနမှ သုတေသနပညာရှင်များက ဒီလိုမျိုးမီးလောင်လွယ်နိုင်တဲ့ဘက်ထရီများအတွက် ဖြေရှင်းမှုတစ်ခုကိုထုတ်ပေးလိုက်ပါတယ်။ အဲဒီဖြေရှင်းမှုကတော့ မီးသတ်စနစ်တစ်ပါတည်းပါဝင်တဲ့ လီသီယံသတ္တုဘက်ထရီများကိုဖန်တီးလိုက်ခြင်းပဲဖြစ်ပါတယ်။ လက်ရှိမှာ သူတို့က ရှေ့ပြေးပုံစံကိုပဲဖန်တီးနိုင်ပါသေးတယ်။ အဲဒီရှေ့ပြေးပုံစံထဲမှာ ပေါ်လီမာတစ်မျိုးကိုထည့်ပေးထားပါတယ်။ သူက အပူချိန်မြင့်မားလာတဲ့အခါမှာ မီးငြိမ်းသတ်ပေးနိုင်တဲ့ ဓာတုပစ္စည်းများကိုထုတ်ပေးပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် မီးသတ်ဆေးဘူးအငယ်စားနဲ့ သဏ္ဍာန်တူပါတယ်။

သုတေသနပညာရှင်များက မီးလောင်မှုကိုဟန့်တားပေးနိုင်တဲ့ပေါ်လီမာကို ဘက်ထရီရဲ့အမလျှပ်ခေါင်းမှာ တစ်ပါတည်းတပ်ဆင်ထားတာပါ။ သူက ပုံမှန်အပူချိန်မှာဆိုရင် ဘယ်လိုမှအလုပ်မလုပ်ပါဘူး။ ဒါပေမဲ့ ဘက်ထရီရဲ့အပူချိန်က ၁၀၀ ဒီဂရီစင်တီဂရိတ်ကိုရောက်လာပြီဆိုရင် ပေါ်လီမာကပြိုကွဲပြီး အဖိုလျှပ်ခေါင်းမှာ ဓာတုဓာတ်ပြုမှုကိုနှိမ်နင်းပေးတာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ မီးလောင်မှုဖြစ်မှာကိုဟန့်တားလိုက်တာပါ။ အခုလိုမျိုးဆန်းသစ်တီထွင်မှုက လျှပ်စစ်စွမ်းအင်သုံးယာဉ်များရဲ့ ဘေးကင်းစိတ်ချရမှုအတွက်လည်း အရေးပါတဲ့တီထွင်မှုဖြစ်လာမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဘဏ္ဍာရေးလိုငွေပြမှုကိုဖြည့်တင်းရန် ပြင်သစ်အစိုးရက လူချမ်းသာများအပေါ် အခွန်တိုးကောက်မည်



ပြင်သစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးလိုငွေပြမှုကိုဖြည့်တင်းနိုင်ရေးနှင့် ကြွေးမြီကိုထိန်းချုပ်နိုင်ရေးအတွက် လူချမ်းသာများအပေါ် အခွန်တိုးကောက်ရန်စီစဉ်လျက်ရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ်ဖရန်ဆွာဘာရူးကပြောသည်။

ထိုအစီအစဉ်တွင် စည်းလုံးညီညွတ်မှုရှိစွာမျှဝေပေးခြင်းအစီအစဉ်လည်းပါဝင်ပြီး လိုငွေပြနေသည့်ဘဏ္ဍာငွေယူရို ၄၃ ဒသမ ၈ ဘီလီယံကိုဖြည့်တင်းနိုင်ရေးအတွက် ဝင်ငွေမြင့်မားသည့်ပြည်သူများထံမှ အခွန်တိုးကောက်သွားရန်ဖြစ်သည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံက ယူရို ၂ သိန်းခွဲနှင့်အထက်ဝင်ငွေရှိသူများအပေါ် အခွန်တိုးကောက်လျက်ရှိသည်။ ယခုအခါ ဝင်ငွေနည်းသူများအပေါ် နည်းသည့်အလျောက်၊ ဝင်ငွေများသူများအပေါ်များသည့်အလျောက် အခွန်ကောက်ခံခြင်းအားဖြင့် မျှတမှုရှိစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖရန်ဆွာဘာရူးက ဇူလိုင်လ ၁၅ ရက်တွင်ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြင်သစ်နိုင်ငံ၏ ဘဏ္ဍာရေးလိုငွေပြမှုပမာဏက GDP ၏ ၅ ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်လာသည်။ ထိုပမာဏသည် ဥရောပသမဂ္ဂက ကန့်သတ်ထားသော GDP ၏ ၃ ရာခိုင်နှုန်းကို နှစ်ဆနီးပါးကျော်လွန်နေသည်။

ထို့ပြင် နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် နိုင်ငံတော်ကပြဋ္ဌာန်းထားသော အများပြည်သူရုံးပိတ်ရက်နှစ်ရက်ကိုလည်းဖျက်သိမ်းရန် ဖရန်ဆွာဘာရူးကအဆိုပြုထားသည်။ ပြင်သစ်နိုင်ငံသည် ဘဏ္ဍာရေးလိုငွေပြသော်လည်း ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲလျက်ရှိကြောင်းသိရသည်။ Ref: RT

# ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များ ပေးပို့မည်မဟုတ်ဟု ဒေါ်နယ်ထရမ့်ပြော

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ တာဝေးပစ်ဒုံးကျည်များကို ပေးပို့သွားမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောသည်ဟု သိရသည်။

ဒေါ်နယ်ထရမ့်သည် ယူကရိန်းနိုင်ငံသို့ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များဖြစ်သည့် JASSM ဒုံးကျည်များပေးပို့ရန် စဉ်းစားနေသည်ဟု ခိုင်လုံသောသတင်းအရင်းအမြစ်များ၏ပြောဆိုချက်ကိုကိုးကား၍ Military Watch မဂ္ဂဇင်းကဖော်ပြထားသည်။

ယင်းနောက် သတင်းထောက်များက တာဝေးပစ်လက်နက်များပေးပို့နိုင်ခြေနှင့် ပတ်သက်၍မေးမြန်းရာ ထရမ့်က အစိုးရအနေဖြင့် ထိုကဲ့သို့လုပ်ဆောင်ရန်စဉ်းစားထားခြင်းမရှိကြောင်း တုံ့ပြန်ပြောဆိုထားခြင်းဖြစ်သည်။




အဆိုပါဒုံးကျည်များကို F-16 အမျိုးအစားတိုက်လေယာဉ်ပေါ်မှပစ်ခတ်ပါက ရုရှားနိုင်ငံမော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့ကိုပင် ခြိမ်းခြောက်နိုင်ကြောင်းနှင့် ဒုံးကျည်ရောက်ရှိနိုင်သည့်အကွာအဝေးမှာ ကီလိုမီတာ ၁၀၀၀ အထိဖြစ်ကြောင်း သိရသည်။ Ref: RT

# အစ္စရေးက ဆီးရီးယားရှိစစ်ရုံးချုပ်ကို တိုက်ခိုက်မှုပြုလုပ်

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဘက်သည် ဇူလိုင်လ ၁၆ ရက်တွင် ဆီးရီးယားအစိုးရ၏စစ်ရုံးချုပ်ကို တိုက်ရိုက်တိုက်ခိုက်မှုပြုလုပ်ကြောင်းနှင့် ယင်းသို့တိုက်ခိုက်ရခြင်းသည် ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဒရုလူမျိုးများကို ဆီးရီးယားအစိုးရကတိုက်ခိုက်ခြင်းကြောင့်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည်။

ယခုတိုက်ခိုက်မှုတွင် စစ်ရုံးချုပ်၏ဂိတ်တံခါးကိုဖောက်ခွဲခြင်းလည်းပါဝင်ကြောင်း၊ နောက်ပိုင်းတွင် ဆီးရီးယားအစိုးရ၏လုပ်ငန်းများပျက်ယွင်းစေသည်အထိ တိုက်ခိုက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံမြောက်ပိုင်းနယ်စပ်အနီးရှိ ခြိမ်းခြောက်မှုများကိုဟန့်တားသွားမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်ကထုတ်ပြန်ထားသည်။ ယခုတိုက်ခိုက်မှုကို နိုင်ငံရေးအကြီးအကဲများ၏လမ်းညွှန်မှုဖြင့်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။ Ref: TOI

## သတင်းတိုကဏ္ဍ

### ဆွေးနွေးပွဲဆက်လုပ်ရန် ယူကရိန်းကိုဖိအားပေးရေး ရုရှားအစိုးရက ထရမ့်ကိုတောင်းဆို

ယူကရိန်းပဋိပက္ခကို ဆွေးနွေးမှုများမှတစ်ဆင့် ပြေလည်မှုရရှိစေရေးအတွက် ဆွေးနွေးပွဲကိုဆက်လုပ်ရန် ယူကရိန်းကို ဖိအားပေးရေး ရုရှားအစိုးရက အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကိုတောင်းဆိုလိုက်သည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံအတွင်း ပင်မရည်မှန်းချက်များရရှိရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သို့သော် ဆွေးနွေးခြင်းအားဖြင့် ပြဿနာများကိုပြေလည်စေရေးကိုသာပိုမိုဦးစားပေးကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောသည်။

ယူကရိန်းနိုင်ငံသည် ရုရှားအစိုးရနှင့် တိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်ရန် မေလတွင်သဘောတူကာ ဆွေးနွေးပွဲများလုပ်ဆောင်ခဲ့သော်လည်း ဇွန်လဆွေးနွေးပွဲပြီးနောက် အဆိုပါဆွေးနွေးမှုမှာရပ်တန့်နေခဲ့ခြင်းဖြစ်သည်။ ယူကရိန်းက ယခုကဲ့သို့ ဆွေးနွေးပွဲတွင်ပါဝင်ခြင်းသည် အမေရိကန်အစိုးရ၏ နိုင်ငံရေးအစီအစဉ်အရသာဖြစ်ကြောင်း ယူကရိန်းအစိုးရကပြောထားသည်။ Ref: RT

### ဗြိတိန်က အာဖဂန်ပြည်သူထောင်ပေါင်းများစွာကို တိတ်တဆိတ်ခေါ်ဆောင်ခဲ့ဟုဆို

ဗြိတိန်အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံမှ ပြည်သူထောင်ပေါင်းများစွာကို တိတ်တဆိတ်ခေါ်ဆောင်ခဲ့ကြောင်း အစိုးရက ဇူလိုင်လ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဏာရလာသည့်တာလီဘန်များက ဗြိတိန်အစိုးရအတွက်အလုပ်လုပ်ပေးနေသည့် အာဖဂန်ပြည်သူများ၏အမည်စာရင်းကို သတင်းပေါက်ကြားမှုမှတစ်ဆင့်ရရှိခဲ့ပြီးနောက် ထိုပြည်သူများကိုပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်လာနိုင်သောကြောင့် ယခုကဲ့သို့တိတ်တဆိတ်ခေါ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တာလီဘန်တို့က အာဖဂန်နစ္စတန်ကိုထိန်းချုပ်ပြီးနောက် ဗြိတိန်နိုင်ငံသို့ရွှေ့ပြောင်းရန်လျှောက်လွှာတင်ထားသူ လူပေါင်း ၁၉၀၀၀ နီးပါး၏အချက်အလက်များသည် ဗြိတိန်ကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏အီးမေးမှားယွင်းမှုမှတစ်ဆင့်ပေါက်ကြားခဲ့ခြင်းဖြစ်ပြီး ၁၈ လကြာမှသာ တာဝန်ရှိသူများက ထိုသတင်းကိုသိခဲ့ရခြင်းဖြစ်သည်။ Ref: JT

### ထိုင်းနှင့်ကမ္ဘောဒီးယားတို့ သာမင်ထုံဘုရားကျောင်းနှင့်ပတ်သက်၍ သဘောတူညီချက်တစ်ခုရရှိ

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သာမင်ထုံဘုရားကျောင်းနှင့်ပတ်သက်၍ ဇူလိုင်လ ၁၆ ရက်တွင် သဘောတူညီချက်တစ်ခုရရှိကြောင်းသိရသည်။ ထိုသဘောတူညီချက်မှာ ဘုရားကျောင်းသို့လာသည့် ခရီးသွားများ၏အပြုအမူများကိုထိန်းသိမ်းရန်ဖြစ်သည်။

ဇူလိုင်လ ၁၅ ရက်တွင် ထိုင်းနိုင်ငံ၏ ဆူရင်ပြည်နယ်ရှိသာမင်ထုံဘုရားကျောင်းသို့လာရောက်သော ကမ္ဘောဒီးယားအမျိုးသမီးတစ်ဦးက ထိုင်းစစ်သည်များကိုနှုတ်အားဖြင့် စော်ကားပြောဆိုမှုများပြုလုပ်ပြီးနောက် နောင်တွင်အလားတူဖြစ်စဉ်မျိုးမဖြစ်စေရေးအတွက် ခရီးသွားများနှင့်ပတ်သက်၍ နှစ်နိုင်ငံမှစစ်ဘက်တာဝန်ရှိသူများကြား သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသဘောတူညီချက်တွင် တစ်နိုင်ငံမှခရီးသွားများက နှောင့်ယှက်မှုများလုပ်လာလျှင် တစ်နိုင်ငံကိုအကြောင်းကြားပေးရန်၊ ပြဿနာဖြစ်လာလျှင် လူခုနစ်ဦးပါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြင့်ဖြေရှင်းရန်နှင့် ခရီးသွားများကိုစောင့်ကြည့်ရန်တို့ ပါဝင်ကြောင်းသိရသည်။ Ref: NT

### အီရန်က ကြိုတင်သတ်မှတ်ချက်များရရှိထားမှသာ အမေရိကန်နှင့်ဆက်လက်ဆွေးနွေးမည်ဟုဆို

အီရန်နိုင်ငံအနေဖြင့် ကြိုတင်သတ်မှတ်ချက်များရရှိထားမှသာ အမေရိကန်နိုင်ငံနှင့်ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်လွှတ်တော်ကပြောသည်ဟု အီရန်နိုင်ငံပိုင်သတင်းဌာနက ဇူလိုင်လ ၁၆ ရက်တွင်ဖော်ပြထားသည်။

အမေရိကန်သည် အီရန်ကိုလိမ်လည်လှည့်ဖြားရန်နှင့် အစ္စရေး၏ အီရန်အပေါ် တိုက်ခိုက်မှုများကို ဖုံးကွယ်ရန် ဆွေးနွေးပွဲကို လက်နက်တစ်ခုအဖြစ်အသုံးချနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကြိုတင်သတ်မှတ်ချက်များချမှတ်ပြီးနောက် ထိုသတ်မှတ်ချက်များရရှိမှသာ အမေရိကန်နှင့် နျူကလီးယားအရေးဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း လွှတ်တော်ကပြောထားခြင်းဖြစ်သည်။

ကြိုတင်သတ်မှတ်ချက်မှာ မည်သည့်အချက်များဖြစ်သည်ကို လွှတ်တော်ကပြောထားခြင်းမရှိသော်လည်း အီရန်ကိုနောက်တစ်ကြိမ်တိုက်ခိုက်မှုမပြုရေးအာမခံချက်ပါဝင်သင့်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးကပြောထားသည်။ Ref: AGC

# ခရစ္စတယ်ပဲလေ့စ်အသင်းပရိသတ်များက ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရသည့်အတွက် ယူအီးအက်ဖ်အေကို ဆန္ဒပြမှုများလုပ်ဆောင်



လန်ဒန် ဇူလိုင် ၁၆

ခရစ္စတယ်ပဲလေ့စ်အသင်းပရိသတ်များက ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ကို ဆန္ဒပြမှုများလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီတွင် အက်ဖ်အေဖလားပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အဓိကဆုဖလားဆွတ်ခူးနိုင်သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲကိုလည်း ပထမဆုံးဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

သို့သော် ခရစ္စတယ်ပဲလေ့စ်အသင်းရှယ်ယာအများစုကိုပိုင်ဆိုင်ထားသည့် ဂျွန်တက်တာသည် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လိုင်ယွန်အသင်းတို့သည် ကလပ်အသင်းပိုင်ရှင်တူအသင်းများဖြစ်သည့်ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းနှင့်ငြိစွန်းခဲ့သောကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းကို ပြိုင်ပွဲမှထုတ်ပယ်ပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသာ ဝင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းများအရ ပြိုင်ပွဲတစ်ခုတည်းတွင် ပိုင်ရှင်တူကလပ်အသင်းနှစ်သင်းပါဝင်နေပါက သက်ဆိုင်ရာအမှတ်ပေးဇယား အဆင့်ရပ်တည်မှုဖြင့်မားသည့်အသင်းကသာ ပြိုင်ပွဲကိုကစားခွင့်ရရှိမည်ဖြစ်ပြီး တခြားအသင်းက ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည်ဟုပါရှိသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသာ ကစားရမည်ဖြစ်သည်။

ဂျွန်တက်တာက ဇွန်လအတွင်းက ခရစ္စတယ်ပဲလေ့စ်အသင်း၏ရှယ်ယာများကို ရောင်းချနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်က မတ်လ ၃၁ ရက်အထိသာအချိန်ပေးခဲ့ခြင်းဖြစ်ပြီး အချိန်မီဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းကို ထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက ယူရိုပါလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသည့်အတွက် အားကစားသမာဓိခုံရုံးတွင် အယူခံတင်သွင်းထားသည့်အပြင် အသင်းပရိသတ်များကလည်း လန်ဒန်မြို့၌ ၁၂ နာရီကြာ ဥရောပဘောလုံးအဖွဲ့ချုပ်ကို ဆန့်ကျင်ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ Ref;Goal.com

# ဒီယက်ဇ်အတွက် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းမှုကို လီဗာပူးအသင်းပယ်ချ

ဘာလင် ဇူလိုင် ၁၆

ဘိုင်ယန်မြူးနစ်အသင်းက လီဗာပူးအသင်းမှ တိုက်စစ်ကစားသမားဒီယက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို ၆၇ ဒသမ ၅ သန်းဖြင့် တရားဝင်ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

ဒီယက်ဇ်သည် ယခုဘောလုံးရာသီ နည်းပြဆလော့လက်အောက်တွင် ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ကစားခွင့်ရရှိခဲ့သည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အစောပိုင်းက ဒီယက်ဇ်အနေဖြင့် ဘာစီလိုနာအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့ပြီး ဒီယက်ဇ်ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လိုသော်လည်း ဘာစီလိုနာအသင်းက တရားဝင်ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းက ကြားဖြတ်ပြီး ယူရို ၆၇ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် လီဗာပူးအသင်းက ဒီယက်ဇ်၏ပြောင်းရွှေ့ကြေးကို အနည်းဆုံး ယူရို ၇၅ သန်းခန့် အလိုရှိနေသည့်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။ Ref;Fabrizio Romano

# နယူးကာဆယ်အသင်းက တိုက်စစ်ကစားသမားအီဆက် ထွက်ခွာခဲ့ပါက ဖရန့်ဖက်အသင်းမှ အီကီတီကီနှင့်အစားထိုးရန်ပြင်ဆင်




လန်ဒန် ဇူလိုင် ၁၆

နယူးကာဆယ်အသင်းက အဓိကတိုက်စစ်ကစားသမား အီဆက်ထွက်ခွာခဲ့ပါက ဖရန့်ဖက်အသင်းမှ အီကီတီကီနှင့်အစားထိုးရန်ပြင်ဆင်နေကြောင်း သိရသည်။

အီဆက်သည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေပြီး လီဗာပူးအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေကာ လက်လွှတ်ရနိုင်သည့်အခြေအနေများကြောင့် ၎င်း၏နေရာ၌အစားထိုးရန်အတွက် အီကီတီကီကိုခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် အီကီတီကီသည် ပီအက်စ်ဂျီအသင်းတွင် ပွဲကစားခွင့်များမရရှိဘဲ ရှန်းကန်ခဲ့ရသည့်အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ဖရန့်ဖက်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အီကီတီကီသည် ယခုဘောလုံးရာသီတွင် ဖရန့်ဖက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ ပွဲပါဝင်ကစားခဲ့ရာတွင် ၂၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၂ ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများ၏ စိတ်ဝင်စားခြင်းခံနေရသူဖြစ်သည်။

အီကီတီကီသည် လီဗာပူးအသင်း၊ မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့နှင့်အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့သော်လည်း တရားဝင်ကမ်းလှမ်းမှုမရှိဘဲ ယခုအခါ နယူးကာဆယ်အသင်းက ကမ်းလှမ်းရန် လုပ်ဆောင်နေကြောင်း သိရသည်။

Ref;Fotmob

# ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်ပိုင်းမှ လူငယ်ကစားသမား ဂွန်ဇာလိုဂါစီယာကို အသင်း၌ဆက်လက်ထိန်းထားပြီး အန်းဒရစ်ကို ရောင်းချရန်စီစဉ်

မက်ဒရစ် ဇူလိုင် ၁၆

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်ပိုင်းမှ လူငယ်ကစားသမား ဂွန်ဇာလိုဂါစီယာကို အသင်း၌ ဆက်လက်ထိန်းထားပြီး အန်းဒရစ်ကို လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် ဂွန်ဇာလိုဂါစီယာသည် ရီးယဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်ကတည်းက အသင်းကြီးတွင် ပူးပေါင်းခွင့်ရရှိခဲ့သော်လည်း ပွဲကစားခွင့်များမရရှိဘဲ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြသစ်အလွန်ဆိုစ်၏ယုံကြည်မှုနှင့်အတူ ပွဲကစားခွင့်များရရှိပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

နည်းပြအလွန်ဆိုစ်က ဂွန်ဇာလိုဂါစီယာ၏ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်မှုများကြောင့် အသင်း၌နေရာပေးပြီး ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ပြီးနောက် နောက်ထပ်လူငယ်ကစားသမား အန်းဒရစ်ကို ရောင်းချရန်စီစဉ်နေခြင်းဖြစ်သည်။

အသက် ၁၈ နှစ်အရွယ် အန်းဒရစ်သည် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပါးမီးယက်စ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် ပြိုင်ပွဲစုံ ၃၇ ပွဲအထိကစားခွင့်ရရှိခဲ့သော်လည်း နည်းပြအလွန်ဆိုက အန်းဒရစ်ထက် ဂွန်ဇာလိုဂါစီယာကိုသာ အသင်း၌ထိန်းထားလိုခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် အာဒါဂူလာ၊ အန်းဒရစ်၊ ဂွန်ဇာလိုဂါစီယာနှင့် ရိုဒရီဂိုတို့ရှိနေသည့်အတွက် အဆိုပါကစားသမားလေးဦးထဲမှ အာဒါဂူလာနှင့်ဂွန်ဇာလိုဂါစီယာတို့ကို အသင်း၌ထိန်းထားပြီး ရိုဒရီဂိုနှင့် အန်းဒရစ်တို့ကို ရောင်းချရန်စီစဉ်နေကြောင်း သိရသည်။

Ref;Fabrizio Romano

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံအဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၆

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အမည်ခံအဖွဲ့ဝင်များကိုပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၅ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံအဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးအပ်ပွဲကျင်းပစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

နေပြည်တော် ဇူလိုင် ၁၆

